# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၈ ရက်၊ တနလာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၄၆)


## သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## သစ်တောများနှင့် အပြာရောင် စီးပွားရေး

- ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် သဘာဝသယံဇာတများကို ကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများစွာကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေမည့် အပြာရောင်စီးပွားရေး၏ အခြေခံအင်ဂျင်တစ်ခုဖြစ်ပါသည်။
- သစ်တောများသည် အစိမ်းရောင်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး သစ်ပင်သစ်တောများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအခြေခံသော သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများက အလေးထားဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများဖြစ်သည်။



## ပြင်စလူမြို့ (၂၅)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ ဆိုလာစနစ်လျှပ်စစ်မီး ဖွင့်ပွဲကျင်းပ

ပြင်စလူ ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမြို့ရှိ (၂၅) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် ဆိုလာစနစ်လျှပ်စစ်မီးဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ (၃)မိုင်မြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❁

## ခိုလမ်မြို့၌ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း

ခိုလမ် ဇွန် ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ မိုးရာသီကာလ ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ ပြည်သူများ လျှပ်စစ်မီး သုံးစွဲရာတွင် အဆင်ပြေစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ယနေ့ နံနက်က ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❖

## မုံရွာမြို့၌ ချည်မျှင်ရှည်ဝါ Raka 666 သီးနှံစိုက်ခင်း တည်ထောင်လျက်ရှိ



မုံရွာ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဝါသီးနှံ ၁၇,၈၃၇ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့ နံနက်ပိုင်းကစတင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်းပြီး ဖန်ခါးကျင်း

*စာမျက်နှာ ၄ ကော်လံ ၄* ■


ယနေ့ *ဖတ် စ ရာ*

ချစ်ကြည်ရေးသစ်ပင် အစဉ်အမြဲစိမ်းလန်းဝေဖြာ ပြည်သူများ စိတ်နှလုံးချင်း ဆက်နွှယ်မှုပေါင်းကူးတံတား ထာဝရတည်တံ့ခိုင်မြဲ ဆောင်းပါး စာ ၆

သက်ရောက်မှုကောင်းများနှင့်အတူ စဉ်ဆက်မပြတ် တိုက်ဖျက်ရမည့် မူးယစ်ဆေးဝါး ဆောင်းပါး စာ ၁၀


## ရွှေပိတောက်ငါးစေ့ဒေသ တစ်ရက်လျှင် လုပ်သားအင်အား ၂၀၀၀ ကျော်ဖြင့် ရေထွက်ကုန်များ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးလျက်ရှိ

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးစေ့ကြီးမှ တစ်ရက်လျှင် လုပ်သားအင်အား ၂၀၀၀ ကျော်ဖြင့် ရေထွက်ကုန်များကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ရွှေပိတောက်ငါးစေ့သို့ ဝင်ရောက်လာသည့် ရေထွက်ကုန်များကို ရန်ကုန်မြို့နှင့် ဒေသအသီးသီးသို့ တင်ပို့ရာ၌ လုပ်သားအင်အားသည် အရေးပါလျက်ရှိရာ ရွှေပိတောက်ငါးစေ့သို့ လှိုင်၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ တွံတေး၊ အင်းစိန်၊ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့မှ အလုပ်သမားများ နေ့စဉ် ကုန်တင်ကုန်ချ၊ ရေခဲရိုက်၊ ငါးပုံးရိုက်၊ ပို့ဆောင်ရေးနှင့် အရောင်းအဝယ်လုပ်ငန်းတို့၌ လုပ်ကိုင်ကြလျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑





## ခရမ်းမြို့နယ်၌ တောင်သူနည်းပညာပေး ဆွေးနွေး

ခရမ်း ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကရင်စုကျေးရွာရှိ တောင်သူများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးမောင်က မိုးစပါးစိုက်ပျိုးရေး ဆိုင်ရာ နည်းလမ်းကောင်းများနှင့် စပါးပန်းတိုင်အထွက်နှုန်း ရရှိရေးတို့ကို ပညာပေး ဆွေးနွေးခဲ့ပြီး မြို့နယ်မြေအသုံးချရေးတာဝန်ခံက သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် ဓူပါဘိကာရီ မြေဆွေးပုံပြုလုပ်ခြင်းတို့အား လက်တွေ့သရုပ်ပြသခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ●

## အမြင့်ဆုံး နေ့အပူချိန်များ (၇ - ၆ - ၂၀၂၆)

| | | |
|---|---|---|
| ကလေးဝမြို့ | ၃၇ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၃၇ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၃၆ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက်မြို့ | ၃၅ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ခန္ဓီးမြို့ | ၃၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |

## နတ်မောက်မြို့နယ်၌ ဇွန် ၅ ရက်တွင် ကားနှစ်စီး ရေထဲမျောပါပြီး အမျိုးသားတစ်ဦး ပျောက်ဆုံးလျက်ရှိ

ရန်ကုန် ဇွန် ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဇွန် ၅ ရက်တွင် မိနစ်ပိုင်းသာခြား၍ ကားနှစ်စီး ရေထဲမျောပါမှုဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ ချောင်းအတွင်းဖြတ်ကူးစဉ်

*စာမျက်နှာ ၄ ကော်လံ ၁* ❊



ရေထဲမျောပါခဲ့သည့် ကားတစ်စီးကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းဆယ်ယူကြစဉ်။

## နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဇွန် ၇

ဇွန် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မိုး/ဇလ

# ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်" ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ၇ ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ သတင်းစဉ်

# ဇွန်လ၏ မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇွန် ၇

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဇွန်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်မှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့် သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁ | လှိုင်ကော် | ၇-၆-၂၀၂၆ | ၈၅ | ၃.၃၅ | ၁၈-၆-၁၉၇၅ | ၈၂ | ၃.၂၃ | ၆၂ |

မိုး/ဇလ

**၇ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈ - ၆ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၃၄၅ | ၄၅၁၅ | ၄၄၆၀ | ၄၃၆၀ | ၄၅၂၀ | ၄၅၃၀ | ၄၅၇၅ | ၄၄၃၅ | ၄၅၇၅ | ၄၈၇၀ | ၄၄၆၀ | ၄၅၅၀ | ၄၅၅၅ | ၄၅၀၀ | ၄၅၁၅ | ၄၇၃၅ |
| 95 Ron | ၄၃၈၅ | ၄၅၆၀ | ၄၅၀၅ | ၄၄၀၅ | ၄၅၆၀ | ၄၅၇၅ | ၄၆၁၅ | ၄၄၈၀ | ၄၆၁၅ | ၄၉၁၅ | ၄၅၀၀ | ၄၆၅၅ | ၄၆၀၀ | ၄၅၅၅ | ၄၅၆၀ | ၄၇၈၀ |
| HSD (500 ppm) | ၄၂၂၀ | ၄၃၈၀ | ၄၃၃၀ | ၄၂၃၅ | ၄၃၈၅ | ၄၃၉၅ | ၄၄၃၅ | ၄၃၀၅ | - | ၄၇၂၀ | ၄၃၂၅ | ၄၇၂၀ | ၄၄၂၀ | ၄၃၇၅ | ၄၃၈၅ | ၄၅၉၅ |
| HSD (50 ppm) | ၅၁၀၅ | ၅၂၉၀ | ၅၂၃၅ | ၅၁၃၀ | ၅၂၉၀ | ၅၁၈၅ | ၅၁၄၅ | ၅၂၁၀ | ၅၁၄၅ | ၅၆၄၅ | ၅၂၃၀ | ၅၁၈၅ | ၅၁၂၅ | ၅၂၀၀ | ၅၂၉၀ | ၅၅၁၀ |
| HSD (10 ppm) | ၅၁၀၅ | ၅၂၉၀ | ၅၂၃၅ | ၅၁၃၀ | ၅၂၉၀ | ၅၁၈၅ | ၅၁၄၅ | ၅၂၁၀ | | ၅၆၄၅ | ၅၂၃၀ | ၅၁၈၅ | ၅၁၂၅ | ၅၂၀၀ | ၅၂၉၀ | ၅၅၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၁၁၉ | ၄၂၃၅ |
| 95 Ron | ၄၁၆၀ | ၄၂၇၇ |
| HSD (500 ppm) | ၄၀၁၀ | ၄၁၂၀ |
| HSD (50 ppm) | ၄၈၆၇ | ၄၉၉၄ |
| HSD (10 ppm) | ၄၈၆၇ | ၄၉၉၄ |

မှတ်ချက်။

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၁၂၈၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


**မြန်မာ့အလင်း**

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဟန်လင်းအောင် | | **အကြီးတန်း** - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| **စာတည်းမှူး** - ခင်ရတနာ | | **သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ပိုင်းအောင်၊ ဝေသူနွယ် | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |
| **စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့ | | | |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးဟောင်းဝတ္ထုပစ္စည်းများ တန်ဖိုးထား တာဝန်သိစွာဖြင့် နိုင်ငံတော်သို့အပ်နှံ

မြန်မာနိုင်ငံသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှ သမိုင်းတင်သည့် ခေတ်အဆက်ဆက်တိုင်အောင် သမိုင်းကြောင်း ရှည်လျားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သမိုင်းအမွေအနှစ် ရှေးဟောင်း ဝတ္ထုပစ္စည်းများစွာ ကြွင်းကျန်ရစ်လျက်ရှိပြီး မကြာခဏဆိုသလို လည်း တွေ့ရှိနေကြသည်။ ရှေးဟောင်းပစ္စည်းများသည် နိုင်ငံနှင့် လူမျိုး၏ အတိတ်ကာလနှင့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကို ပြန်လည်ဖော်ညွှန်းပြသနေသည့် သက်သေအထောက်အထားများပင် ဖြစ်သည်။

ဝတ္ထုပစ္စည်းတစ်ခုသည် နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိပြီး သမိုင်းခေတ်ကာလတစ်ခုကို ဖော်ညွှန်းပြသနိုင်ခြင်း၊ အသုံးပြုမှု၊ လက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းတန်ဖိုးရှိမှုတို့ ပေါင်းစပ်နေခြင်းတို့ဖြင့် ၎င်းအား ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် သတ်မှတ်သည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများသည် ရှေးဟောင်းနေရာဒေသများနှင့် ဆက်စပ်ပြီး တည်ရှိနေခြင်းဖြစ်ရာ ကမ်းပါးပြိုခြင်း၊ ယာထွန်ခြင်း၊ ကျင်းတူးခြင်း၊ လမ်းပြင်ခြင်း စသည်အားဖြင့် ပြန်လည်ပေါ်ထွက်လာကြသည်။ ယင်းသို့တွေ့ရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းများ ဖြစ်သည်ကို မသိ၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ငွေကြေးရလိုဇောဖြင့် ချက်ချင်းဆိုသလို ပြန်လည်ထုခွဲ ရောင်းချလေ့ရှိကြသည်။ စင်စစ် ယင်းကဲ့သို့ ထုခွဲရောင်းချလိုက်ခြင်းသည် ဥပဒေကို ချိုးဖောက်၍ ပြစ်မှုကျူးလွန်လိုက်ခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများ အစွန့်ရှည်တည်တံ့စေရန်၊ ပျက်စီးယိုယွင်းပျောက်ဆုံးခြင်းတို့မှ ကာကွယ်ရန်၊ ပြည်သူများအနေဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်၍ တာဝန်သိစိတ်ဖြင့် ကာကွယ်ထိန်းသိမ်းနိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်း ဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နည်းဥပဒေကို ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်ရာ ရှေးဟောင်း ဝတ္ထုပစ္စည်းများကို တွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် ဥပဒေကို လိုက်နာရာရောက်သကဲ့သို့ ထိုက်တန်သည့် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်မှုတို့ကို ရရှိကြမည်ဖြစ်သည်။ ဆုကြေးဟုဆိုရာတွင် ဝတ္ထုပစ္စည်း၏ ကာလပေါက်ဈေး၊ ခေတ်ကာလဆုကြေး၊ ခေတ်လက်ရာ ဆုကြေးတို့အပြင် အချို့ရှေးဟောင်းဝတ္ထုပစ္စည်းများ ဆိုလျှင် ရှားပါးလက်ရာ ထပ်ဆောင်းဆုကြေးကိုပါ ရရှိနိုင်ကြသည်။ ဆုကြေးထုတ်ပေးရာတွင်လည်း စတင်အပ်နှံချိန်မှ ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ထုတ်ပေးခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လ ၄ ရက်နေ့က ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခြင်းအတွက် ဂုဏ်ပြုအခမ်းအနားကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် ရှေးဟောင်း ဝတ္ထုပစ္စည်းအပ်နှံသူ နှစ်ဦးတို့က ကုန်းဘောင်ခေတ် သတ္တုစပ်ပြား ၃၂၈ ပြားနှင့် ပျူခေတ် ငွေဒင်္ဂါး ၃၃၃ ပြားတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံခဲ့ကြသည်။ ယင်းသို့အပ်နှံရာတွင် ကုန်းဘောင်ခေတ် သတ္တုစပ်ပြား ၃၂၈ ပြားကို ဆုကြေးတွက်ချက်မှုအရ ကြေး ၂၅ ပိဿာအတွက် ကာလပေါက်ဈေး ကျပ် ၃၇၅၀၀၀၀၊ ခေတ်ကာလဆုကြေးအဖြစ် ကာလပေါက်ဈေး၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၈၇၅၀၀၀ စုစုပေါင်း ဆုကြေးကျပ် ၅၆၂၅၀၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ပျူခေတ် ငွေဒင်္ဂါး ၃၃၃ ပြားကို ဆုကြေးတွက်ချက်ရာတွင် ငွေဒင်္ဂါးပြားများ၏ စုစုပေါင်း အလေးချိန်အရ ကာလတန်ဖိုးကျပ် ၁၅၆၅၅၆၄၀၊ ခေတ်ကာလ ဆုကြေးအဖြစ် ကာလတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၂၅၂၄၅၁၂၊ ခေတ်လက်ရာ ဆုကြေးအဖြစ် ကာလတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၂၅၂၄၅၁၂၊ ရှားပါးလက်ရာ ထပ်ဆောင်းဆုကြေးအဖြစ် ကာလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၇၈၂၇၈၂၀၊ စုစုပေါင်း ဆုကြေးငွေကျပ် ၄၈၅၃၂၄၈၄ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ချီးမြှင့်ခဲ့သည်ကို တွေ့ရသည်။

ရှေးဟောင်း ဝတ္ထုပစ္စည်းများကို တရားမဝင် မှောင်ခိုဝယ်ယူကြသူများရှိရာ ယင်းကဲ့သို့ အရောင်းအဝယ်ပြုလုပ်ကြခြင်းသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည့်အလျောက် အရေးယူအပြစ်ပေးခံကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ရှေးဟောင်းဝတ္ထုပစ္စည်း တရားမဝင် ရောင်းဝယ်မှုများကို ဝိုင်းဝန်းတားဆီး ကာကွယ်ကြရန်လိုသည်။ ရှေးဟောင်း ဝတ္ထုပစ္စည်းများကို အကြောင်းအမျိုးမျိုးဖြင့် တွေ့ရှိကြသူများသည် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ တာဝန်သိစွာ လာရောက်အပ်နှံပါက လွှဲပြောင်းအပ်နှံသူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ အထက်ပါအတိုင်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်နေခြင်းဖြစ်ရာ မိမိတို့နိုင်ငံ၏ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို နားလည်သိရှိပြီး ကာကွယ်ထိန်းသိမ်းရာတွင် နိုင်ငံသားတာဝန် ကျေပွန်စွာ ပါဝင်ကြရပါမည့်အကြောင်း။ ။



# ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၇

ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဧမျူသိရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် အာဟာရကဏ္ဍများတွင် ၎င်းတို့၏အမူအကျင့်များပြောင်းလဲလာပြီး လူနေမှုဘဝတစ်လျှောက်လုံး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်မှုကို လက်ဆင့်ကမ်းအမွေများပေးစေလိုကြောင်း၊ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် ကျေးလက်နေအမျိုးသမီးများဖြစ်သဖြင့် ကျေးလက်နေအမျိုးသမီးများအနေဖြင့် အတန်းပညာ၊ ဗဟုသုတများပြည့်စုံပြီး စီးပွားရေးလုပ်ငန်းပေါ်များကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယကက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်နောက် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝဖြင့်တင်ရေးအသင်း၊ အမျိုးသမီးအားကစားဆပ်ကော်မတီ၊ ကြက်ခြေနီကော်မတီ၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ❁ ပြင်စလှုပ်ရှားမှု

ထို့နောက် ဆေးရုံရှိ ဆိုလာလျှပ်စစ်မီးဖြင့် အသုံးပြုသော စက်ပစ္စည်းများအကြောင်း ပြင်စလှုပ်ရှားရုံတာဝန်ခံဆရာဝန်က ရှင်းလင်းတင်ပြပြီး လျှပ်ဒါန်းပစ္စည်းများကို လွဲပြောင်းပေးအပ်ကာ တက်ရောက်လာကြသည့် ပြည်သူများအား ကိုဗစ်ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။


ခရိုင်(ပြန်/ဆက်)

### ❖ ခိုလစ်မြို့မှ

ထိုသို့ဆောင်ရွက်ရာတွင် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတွင် Earthing စစ်ဆေးခြင်း၊ Bolt & Nuts များ စစ်ဆေးချိန်ညှိခြင်းနှင့် ကြေသီးများသန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ မြို့တွင်း ဖီဒါတစ်လျှောက် ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သော စစ်ဆေးပြုပြင်မှုများကို လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ကျော်ဇင်(ပြန်/ဆက်)





# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး Alabuga SEZ မှ ကိုယ်စားလှယ် Mr. Konstantin Trifonov အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၉)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယသမ္မတ ဦးညီစောနှင့်အတူ တက်ရောက်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာတာစတန်ဒေသ ကာဇန်မြို့ရှိ အလာဘူဂါအထူးစီးပွားရေးဇုန် (Alabuga Special Econo-mic Zone)မှ ကိုယ်စားလှယ် Mr. Konstantin Trifonov အား ဒေသစံတော်ချိန် ညနေပိုင်းတွင် Welton Hotel ၌ လက်ခံတွေ့ဆုံသည်။

### ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်၏ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေး စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်သားများခေါ်ယူမည့် ကိစ္စရပ်များ၊ အလုပ်သမားရေးရာ MoU ရေးထိုးနိုင်ရေး ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် မြန်မာလုပ်သားများ အလုပ်လုပ်ကိုင်နေကြသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် သစ်ခွဲသားတန်ချိန် ၂၇၁ ဒသမ ၁၈၅ တန်အား ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့ ပို့ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေး



ဟားခါး ဇွန် ၇

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သစ်ခွဲသားတန်ချိန် ၂၇၁ ဒသမ ၁၈၅ တန်အား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့ ပို့ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Online ဖြင့်ပြုလုပ်ရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ၊ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး

အစည်းအဝေးတွင် ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖလမ်းမြို့အတွက် လိုအပ်သည့် သစ်ခွဲသား တန် ၁၉၀၊ တီးတိန်မြို့အတွက် သစ်ခွဲသား တန် ၃၀၊ တွန်းဓိမြို့အတွက် လိုအပ်သည့် သစ်ခွဲသား ၅၁ ဒသမ ၁၈၅ တန်ကို ကလေးမြို့မှ တစ်ဆင့် အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### ❑ ရွှေဖုံးမှ

"ရွှေပိတောက်ငါးစွေးက ငါးဒိုင်တစ်ခုမှာ အလုပ်သမားငါးဦးကနေ ရှစ်ဦးရှိမှသာ လုပ်ငန်းလည်ပတ်လို့ရပါတယ်။ လုပ်သားငါးဦး၊ ပွဲစားတစ်ဦး၊ စာရေးနှစ်ဦး ထားပါတယ်။ ငါးဒိုင် ၁၀ ခုပိုင်ထားသူဆိုရင် လုပ်သားအင်အား ပိုများပါတယ်။ ဒိုင်လုပ်ငန်းရှင်နဲ့လုပ်သားဆိုတာ အပြန်အလှန်ဆက်နွယ်နေတာကြောင့် အရောင်းအဝယ်ကောင်းရင် လုပ်သားတွေ ငွေပိုရပြီး ဒိုင်အတွက်လည်း အဆင်ပြေသလို အရောင်းကျရင် နှစ်ဦးနှစ်ဖက် ဝင်ငွေနည်းတတ်ပါတယ်။ ဒါကြောင့် အလုပ်သမားမြဲအောင် အမြဲသတိထားပြီး သူတို့ရဲ့ စားဝတ်နေရေး အဆင်ပြေအောင် ဒိုင်ရှင်တွေက ဆောင်ရွက်ပေးရတာရှိပါတယ်။ ငါးစွေးမှာ ဆိုင်ခန်း ၄၃၀ ကျော်ရှိတဲ့အတွက် တစ်ရက်ကို အလုပ်သမား ၂၀၀၀ ကျော် အလုပ်အကိုင်ရနေကြပါတယ်"ဟု ရွှေပိတောက်ငါးစွေး၏ စွေးသာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောပြသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - ခွဲမာန်



ရွှေပိတောက်ငါးစွေးမှ တင်ပို့မည့် ရေထွက်ကုန်များ ထုပ်ပိုးထားမှုကို တွေ့ရစဉ်။

### ● ခရမ်းမြို့နယ်မှ

ထို့နောက် မြို့နယ်မျိုးစေ့တာဝန်ခံက စပါးမျိုးစေ့ဆေးရေစိမ်နည်းနှင့် ဆေးရေစိမ်ခြင်း၏ အကျိုးကျေးဇူးများ၊ ငွေနှင်းမှု၊ ကောက်ရိုးမှိုစိုက်ပျိုးနည်းစနစ်များအား အသိပညာပေးဆွေးနွေးပြီး မြို့နယ်သီးနှံကာကွယ်ရေးတာဝန်ခံက ဖြတ်ပိုးကာကွယ်နိမ်နင်းခြင်းနှင့် IPM နည်းစနစ်များကို တောင်သူများအား အသိပညာပေးဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခင်နှင်းဝေ
(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Smart Meter ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်လေ့လာ



နေပြည်တော် ဇွန် ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Telematic Solution Co., Ltd. ၏ Smart Meter ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက စက်ရုံအတွင်း ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုယ်ပိုင်အဆင့်မြင့်နည်းပညာသုံး တပ်ဆင်ထုတ်လုပ်ထားသည့် Smart Meter စနစ်ကို မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသည့်စနစ်တွင် ပေါင်းစပ်အဆင့်မြှင့်တင်ရာ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့်အပေါ် ကြိုဆိုပါကြောင်းနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား Inter Rao Co., Ltd. မှ တာဝန်ရှိသူများက လာရောက်တွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်သည့် တာဘိုင်များအား စွမ်းဆောင်ရည်မြင့်တင်နိုင်ရေးနှင့် ပြန်လည်ပြုပြင်နိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့လေလွင့်ဆုံးရှုံးမှုများ လျော့ချနိုင်ရန်အတွက် တာဘိုင်များအားပြုပြင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နည်းပညာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လာရောက်လေ့လာရန် ဖိတ်ခေါ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးသွင်အောင် ဝါကြိတ်စက်ရုံ(တောင်တွင်းကြီး)နှင့် အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၇

စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်သည် ယနေ့နံနက်ပိုင်းတွင် အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်) ဧည့်ရိပ်သာခန်းမ၌ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေးအခြေပြု အထည်အလိပ်စက်မှုလုပ်ငန်းများ (Agro-base Textile Industries) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး စက်ရုံအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု စက်ရုံအထွက်ရှိလာသည့် ရေဆိုးများကို ဗေဒါဂနစ်များတည်ဆောက်၍ စနစ်တကျ စွန့်ပစ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် ဝါကြိတ်စက်ရုံ(တောင်တွင်းကြီး)နှင့် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်) တို့မှ စက်ရုံမှူးများ၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ခန်းမများ၌ သီးခြားစီတွေ့ဆုံပြီး စက်ရုံအလိုက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးပြောကြားကာ စက်ရုံအတွင်း စက်များတပ်ဆင်ထားရှိမှု၊ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှု၊ စက်ရုံမှထွက်ရှိလာသည့် ရေဆိုးများကို ဗေဒါဂနစ်များတည်ဆောက်၍ စနစ်တကျ စွန့်ပစ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*** ရွှေဖုံးမှ**

ဇွန် ၅ ရက် ည ၈ နာရီ ၁၄ မိနစ်ခန့်တွင် ရေစီးနှင့်အတူ ယာဉ်တစ်စီးမျောပါပြီး အမျိုးသားတစ်ဦး ပျောက်ဆုံးနေကြောင်း သတင်းရရှိသဖြင့် ဇွန် ၆ ရက် နံနက် ပိုင်းတွင် နတ်မောက်မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက ချောင်းအတွင်းရှိ ယာဉ်အားဆယ်ယူခဲ့ပြီး ပျောက်ဆုံးနေသူအား ဆက်လက်ရှာဖွေခဲ့ကြသည်။

အလားတူ ဇွန် ၅ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်ကလည်း နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာ ဓမ္မဂျထွန်းဆီဆိုင်အနီးရှိ ချောင်းရိုးထဲတွင် ကားတစ်စီးမျောနေသဖြင့် နတ်မောက်မြို့နယ် မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များက ဆယ်ယူပေးခဲ့ကြောက ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

MT

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ပုသိမ် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယမန်နေ့ နံနက်ပိုင်းက ပုသိမ်မြို့ စက်တော်ရာ ဘိုးဘွားရိပ်သာဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ပုသိမ်မြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဘေးလမ်း အုတ်ရေမြောင်း တည်ဆောက်ခြင်းနှင့် ကွန်ကရစ်လမ်းသားတိုးချဲ့နေမှု၊ စွေးချောင်း တူးဖော်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးရေမြောင်းဆယ်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ဘူတာရုံလမ်းဘေးဝဲယာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရေမြောင်းဆယ်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်မြို့ ကျောက်ငူလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပိုလန်ဆိပ်တွင် ရေယာဉ်များ ဆိုက်ကပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းကစားကွင်းဖော်ဆောင်မည့် မြေနေရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖော်ဆောင်ထားရှိပြီးသည့် ကျောင်းအားကစားကွင်းနှင့် ဆက်လက်ဖော်ဆောင်မည့် မိနိုအားကစားကွင်း မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် PTTEPI ကုမ္ပဏီမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ဆောင်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



**■ မှန်ရွာဖြို့မှ**

ကျေးရွာအုပ်စု ကွင်းအမှတ် ၃၁၃(ခ) ဦးပိုင်အမှတ် ၇၈ တောင်သူ ဦးထွန်းမော်၏ လယ်မြေ ဧက ၃ ဒသမ ၅၀ နှင့် ကွင်းအမှတ် ၃၁၃(ဂ) ဦးပိုင်အမှတ် ၂၆ တောင်သူ ဒေါ်မိုးဆွေ၏ လယ်မြေ လေးဧကတို့တွင် ချည်မျှင်ရှည်ဝါ Raka 666 သီးနှံစိုက်ခင်း တည်ထောင်ပေးလျက်ရှိသည်။ အဆိုပါတောင်သူနှစ်ဦး၏ လယ်မြေဧက ၇ ဒသမ ၅၀ တွင် မြေယာပြုပြင်ခြင်းနှင့် အိန္ဒိယနိုင်ငံ၏ Quick Impact Project (QIP)အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်သော ချည်မျှင်ရှည်ဝါ Raka 666 မျိုးစေ့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းနေစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



## ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**မကွေး ဇွန် ၇**

ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁) နှင့် (၂) တို့တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နေရပ်သို့ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နေရပ်ပြန်ပြည်သူ့စစ်မှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁) နှင့် (၂) တို့တွင် မကွေးတိုင်းဒေသကြီးမှ တာဝန်ထမ်းဆောင်ခဲ့ကြသူ ၃၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ကာ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

မောင်ခိုင်မင်း(ပြန်/ဆက်)

## သဘာဝမြေဩဇာနှင့် ကော်ဖီပျိုးပင်များ ပေးအပ်၍ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ထားဝယ် ဇွန် ၇**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ထားဝယ်ခရိုင် အတွင်းရှိအကျိုးဆောင်တောင်သူများအား သဘာဝမြေဩဇာ၊ ကော်ဖီပျိုးပင်များ ပေးအပ်ခြင်းနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် အမှတ်(၄)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ မိုးစပါးစိုက်ခင်းဌာ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထားဝယ်ခရိုင်အတွင်းရှိ တောင်သူများအား သဘာဝမြေဩဇာအိတ် ၅၀၊ ကော်ဖီပျိုးပင် ၄၀၀၀ပေးအပ်ပြီး ကွင်းအတွင်းပြသထားသည့် သီးနှံကာကွယ်ရေးပြခန်း၊ မျိုးစေ့ပြခန်း၊ မြေအသုံးချပြခန်းနှင့် သီးနှံစွန့်ပစ်စွန်းများအား ဘိုင်အိုခြာပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲ၊ မြေဆွေးပုံပြုလုပ်နည်း သရုပ်ပြပွဲ၊ စိုက်ခင်းအတွင်း ပျိုးထောင်ထားရှိသော ကိုကိုးပင်၊ ကော်ဖီပင်၊ ငှက်ပျောပင်၊ ဟင်းသီးဟင်းရွက်များနှင့် သီးနှံပင်များ၊ ဥစားကြက်၊ ဝက်နှင့် ဆိတ်မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## သဲကုန်းမြို့နယ်၌ ကျန်းမာရေးအဆင့်မြင့်ကျောင်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်

**သဲကုန်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြင့်ကျောင်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အဆိုပါသင်တန်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးဦးစီးဌာနမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအောင်ရဲကျော်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့် Smart school ကျောင်းများပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြနှစ်ဦးက သင်တန်းသား သင်တန်းသူများနှင့် ဆရာ ဆရာမ ၇၁ ဦးအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တာချီလိတ်မြို့၌ စက်မှုစီးပွားမြေဌားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဇွန် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ စက်မှုဇုန်အတွင်း လုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းရှင်များ စက်မှုစီးပွားမြေဌားဂရန် လျှောက်ထားခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ဆောခမ်းရပ်ကွက်ရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစိုင်းက အမှာစကားပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က စက်မှုစီးပွားမြေဌားဂရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ နိဒါန်းတော်၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းမင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန့်ပေါ်လင်း၊ ကျိုင်းတုံမြို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေးတို့က သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ထားရှိမှုများ၊ မြေငှားဂရန်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ၊ စီစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မြေယာအသုံးချမှုဆိုင်ရာ သတ်မှတ်ချက်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။


ကျော်ဇေယျာလင်း

## မော်လိုက်မြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဇွန် ၇**

ဇွန်လ ၇ ရက်နေ့၊ မြန်မာစံတော်ချိန် (၁၁) နာရီ၊ (၄၂) မိနစ်၊ (၂၇) စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၉၄ ဒီဂရီ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၉ ဒီဂရီ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ




၂၀၂၆ ခုနှစ် ဇွန်လ ၇ ရက်နေ့ မြန်မာစံတော်ချိန် ၁၁ နာရီ ၄၂ မိနစ် ၂၇ စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သော မြေငလျင်ဗဟိုချက်ပြမြေပုံ



## ရေချိုငါးများ မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်

**လင်းဆေး ဇွန် ၇**

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဒေသတွင်းငါးစားသုံးမှု တိုးတက်လာစေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများရရှိစေရေးရည်ရွယ်၍ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးများမွေးမြူရေး နည်းပညာပေးသင်တန်းကို လင်းဆေးမြို့ လင်းဆေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ဇွန် ၃ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် လင်းဆေးခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လင်းမြင့်က ငါးမွေးတောင်သူများ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်းနည်းပညာများ သိရှိနားလည်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ ငါးမွေးမြူရေး စိတ်ပါဝင်စားသူ ၂၅ဦးအား စာတွေ့လက်တွေ့ နှစ်ရက်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ။

(ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။)

# ချစ်ကြည်ရေးသစ်ပင် အစဉ်အမြဲစိမ်းလန်းဝေဖြာ ပြည်သူများ စိတ်နှလုံးချင်း ဆက်နွယ်မှုပေါင်းကူးတံတား ထာဝရတည်တံ့ခိုင်မြဲ

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား

ဇွန်လ ၈ ရက်နေ့တွင် တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆) နှစ်ပြည့်မြောက်ပြီဖြစ်သည်။ (၇၆)နှစ်တာကာလအတွင်း တရုတ်-မြန်မာနှစ်နိုင်ငံသည် အပြန်အလှန် လေးစားခြင်း၊ တန်းတူရည်တူ ဆက်ဆံခြင်းနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေခြင်းတို့ကို အစဉ်အမြဲ ဦးလည်မသုန်ရပ်တည်ခဲ့ကြပြီး နှစ်ပေါင်း ထောင်ချီသဘိုင်းကြောင်းရှိခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသည်လည်း အချိန်ကာလ၏ စမ်းသပ်မှုများကြားတွင် ပိုမိုနက်ရှိုင်း ခိုင်မာလာခဲ့ပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အတူတကွ အဆိုပြုကျင့်သုံးခဲ့ရာမှသည် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို လက်တွဲတည်ဆောက်သည်အထိ နှစ်နိုင်ငံဆက်ဆံရေးသည် သစ်လွင်သော ရှင်သန်မှုတွန်းအားများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

**တရုတ်ကုန်သည်များ အထူးနှစ်သက်သဘောကျ**

တရုတ် - မြန်မာ နှစ်နိုင်ငံသည် ရေမြေတောတောင်ချင်း ထိစပ်နေပြီး သွေးသားရင်းချာကဲ့သို့ ရင်းနှီးကာ ယဉ်ကျေးမှုချင်းလည်း ပေါင်းစပ်လျက်ရှိပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုကို ဘီစီ (၄) ရာစုအထိ နောက်ကြောင်းပြန် ခြေရာခံနိုင်ပြီး ကျွန်မတို့၏ ဘိုးဘွားများသည် တောင်ဘက်ပိုးလမ်းမကြီးမှ တစ်ဆင့် ကုန်သွယ်မှုများနှင့် ယဉ်ကျေးမှုဖလှယ်ရေးများ လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာ၊ ကျောက်စိမ်း၊ မဟူရာနှင့် ပယင်းတို့သည် တရုတ် ကုန်သည်များ အထူးနှစ်သက်သဘောကျသည့် ကုန်ပစ္စည်းများဖြစ်လာခဲ့ပြီး နှစ်နိုင်ငံ ပြည်သူချင်း ကူးလူးဆက်ဆံမှုမှာ ပိုမိုနက်ရှိုင်း၍ သက်ဝင်လှုပ်ရှားလာခဲ့သည်။ မြန်မာနိုင်ငံသည် ကွဲပြားခြားနားသော လူမှုစနစ်ရှိသည့် နိုင်ငံများအနက် တရုတ်နိုင်ငံသစ်ကို ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံမှ ရှေးယခင်ခေါင်းဆောင်များသည် ဆွေမျိုးများကဲ့သို့ စိတ်ရင်းဖြင့် အပြန်အလှန် မကြာခဏ လည်ပတ်ခဲ့ကြရာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၏ မြန်မာနိုင်ငံသို့ (၉) ကြိမ်တိုင်တိုင် လာရောက် လည်ပတ်မှုနှင့် မြန်မာဝန်ကြီးချုပ် ဦးနေဝင်း၏ တရုတ်နိုင်ငံသို့ (၁၂) ကြိမ်တိုင်တိုင် သွားရောက် လည်ပတ်မှုတို့သည် နှစ်နိုင်ငံပြည်သူများအကြား ယနေ့တိုင် ဂုဏ်သတင်းပျံ့နှံ့လျက် ပြောစမှတ်ပြုနေဆဲ ဖြစ်ပါသည်။

မကြာသေးမီနှစ်များအတွင်းကစ၍ မြန်မာ ကျောင်းသား၊ အနုပညာရှင်၊ အားကစားသမားနှင့် မီဒီယာသတင်းထောက်များ ပိုမိုများပြားစွာ တရုတ် နိုင်ငံသို့ သွားရောက်ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကို ဆက်လက်သီကုံးခဲ့ကြသည်။ မြန်မာနိုင်ငံသည် မိမိကိုယ်တိုင် ပြင်းထန်သော နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရသည့် အခြေအနေတွင်ပင် တရုတ်နိုင်ငံ ဝမ်ချွမ်းငလျင်ဘေးသင့်ဒေသသို့ အလျှင်မြေများ ပုံပို့ကူညီခဲ့ပြီး နှစ်နိုင်ငံစလုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မန္တလေးငလျင်ကြီး၏ ဘေးအန္တရာယ်များကို လက်တွဲရင်ဆိုင်ကျော်လွှားကာ ဒုက္ခသုခအတူမျှဝေပြီး အပြန်အလှန်စောင့် ရှောက်ကူညီကြသည့် လက်တွေ့လုပ်ဆောင်ချက် များဖြင့် သက်သေပြခဲ့ကြသည်။ တရုတ် - မြန်မာ လူမှုအဖွဲ့အစည်းကဏ္ဍစုံ၏ တက်ကြွစွာ ပါဝင်ပံ့ပိုးမှု အောက်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးသည် ယမန်နှစ်က "ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ--- တရုတ် - မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု" စာအုပ်ကို ထုတ်ဝေခဲ့ပြီး နှစ်နိုင်ငံပြည်သူများ ရှည်လျားလှသည့် အချိန်ကာလအတွင်း အပြန်အလှန်နားလည်၊ ချစ်ခင် ရင်းနှီးပြီး ပေါင်းစပ်ခဲ့ကြသည့် စိတ်လှုပ်ရှားဖွယ် ဓာတ်လမ်းများကို မှတ်တမ်းတင်ထားခဲ့သည်။ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆) နှစ် မြောက်သည့် အခါသမယတွင် ကျွန်မတို့သည် တရုတ်-မြန်မာ ချစ်ကြည်ရေးပုံပြင်များကို ပိုမို ရေးသားနိုင်မည်ဟု အပြည့်အဝယုံကြည်မှုရှိပါသည်။

**"တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၇၅ နိုင်ငံအပေါ် တစ်ဖက်သတ်ဗီဇာ ကင်းလွတ်ခွင့် သို့မဟုတ် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်များကို ကျင့်သုံး ခဲ့ပြီး မဲခေါင်နိုင်ငံ ငါးနိုင်ငံအတွက်လည်း "လန်ချန်း - မဲခေါင်ဗီဇာ"ကို ထုတ်ပေးခဲ့ရာ ၂၀၂၅ ခုနှစ်တွင် ပြည်ပနိုင်ငံသား ဝင်ထွက်သွားလာမှုသည် လူဦးရေ ၈၂ ဒသမ ၀၃၅ သန်းအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ် ကာလတူ ထက် ၂၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာပြီး နွေးထွေးပျူငှာကာ ချစ်ကြည်ရင်းနှီးသော ဟန်ပန်ဖြင့် အရပ်မျက်နှာအသီးသီးမှ ည့်သည်တော်များကို ကြိုဆိုလျက်ရှိ"**

**နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် ပြည်သူချင်း ချစ်ခင်ရင်းနှီးမှုသည် အရေးကြီး**

နိုင်ငံအချင်းချင်းဆက်ဆံရာတွင် ပြည်သူချင်း ချစ်ခင်ရင်းနှီးမှုသည် အရေးကြီးပြီး ပြည်သူချင်း ချစ်ခင်ရင်းနှီးရန်အတွက် စိတ်ချင်းဆက်နွယ်မှု ရှိရန် လိုအပ်ပါသည်။ အထင်အမြင်လွဲမှားမှုများကို ပယ်ဖျက်ရန်၊ အပြန်အလှန် နားလည်အသိအမှတ် ပြုမှုကို မြှင့်တင်ရန်နှင့် ပြည်သူချင်း စိတ်ချင်း ဆက်နွယ်မှုပေါင်းကူးတံတားကို တည်ဆောက်ရန် အတွက် ဦးစွာပထမ အချင်းချင်း၏ ပကတိအမှန် တကယ်ရှိသော နိုင်ငံတော်ပုံရိပ်ကို တိကျစွာသိမြင် နားလည်ထားရန် လိုအပ်ပါသည်။

ယနေ့ခေတ် တရုတ်နိုင်ငံသည် တရားမျှတမှု ရှိပြီး တာဝန်ယူမှုရှိသော တရုတ်နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး၊ "Belt and Road" ကို အတူတကွတည်ဆောက် ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံး ဆိုင်ရာ ယဉ်ကျေးမှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ စသည့်အရေးပါသော အယူအဆနှင့် အဆိုပြုချက်များကို တင်ပြခဲ့ပြီး လူသားမျိုးနွယ် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို တုံ့ပြန်ရန်နှင့် လှုပသောကမ္ဘာကြီးကို တည်ဆောက်ရန်အတွက် ဖြေရှင်းရေးလမ်းစဉ်ကို တက်ကြွစွာကျင့်သုံးလျက် ရှိကာ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို တွန်းအားပေး ခြင်းဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် သဘောထား ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် ဖော်ဆောင်ပေးလျက် ရှိသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မကြာ သေးမီက အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းမြှင့်တင်ရန်အတွက် မူဝါဒအချက်(၄)ချက်ကို တင်ပြခဲ့ရာ ၎င်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ကိုင်စွဲခြင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာမူကို ကိုင်စွဲခြင်း၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးမူကို ကိုင်စွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ဟန်ချက်ညီညီ ဖော်ဆောင်ခြင်းတို့ ပါဝင်သည်။ အဆိုပါအချက်(၄)ချက်သည် အရှေ့အလယ်ပိုင်း ဒေသ ပြည်သူများ၏ အခြေခံအကျိုးစီးပွားအပေါ် အခြေခံထားပြီး လက်တွေ့ကျကာ တရားမျှတမှု ရှိသောကြောင့် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့အတွက် အပြုသဘောဆောင်သော အင်အားစုများကို ဖြည့်ဆည်းပေးနေသည်ဟု နိုင်ငံ တကာ လူအဖွဲ့အစည်းက ယူဆကြသည်။

ယနေ့ခေတ်တရုတ်နိုင်ငံသည် အရောင်အသွေး စုံလင်ပြီး စွမ်ဖွယ်ကောင်းသော တရုတ်နိုင်ငံဖြစ်ပါ သည်။ ပေကျင်းအော်ပရာ၊ လက်ရေးလှစာရေးနည်း၊ ဝူရှူးသိုင်းပညာ၊ တရုတ်တိုင်းရင်းဆေးပညာနှင့် လက်ဖက်ရည်အနုပညာ စသည့်ရိုးရာယဉ်ကျေးမှု များသည် ခေတ်သစ်ကာလတွင် သစ်လွင်သော ရှင်သန်မှုများကို ရရှိနေပြီး အွန်လိုင်းစာပေ၊ အွန်လိုင်းဂိမ်းနှင့် အွန်လိုင်းရုပ်ရှင်ဇာတ်လမ်းတွဲ များကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာ "ပစ္စည်းသစ် (၃)မျိုး"သည် ပြည်ပမှ အသုံးပြုသူများ နှစ်သက် သဘောကျမည့် ပုံစံများဖြင့် တရုတ်နိုင်ငံ၏ သမိုင်း ကြောင်းနှင့် လက်ရှိအခြေအနေများကို ကောင်းမွန်စွာ ဖော်ပြလျက်ရှိသည်။ ကာတွန်းအန်နီမေးရှင်း ရုပ်ရှင်ဖြစ်သည့် Nezha နှင့် 3A ဂိမ်းအကြိုးစား ဖြစ်သည့် Black Myth: Wukong တို့သည် ကမ္ဘာ တစ်ဝန်းတွင် တရုတ်ဒဏ္ဍာရီလှိုင်းလုံးများကို ဖြစ်ပေါ်စေခဲ့ပြီး Labubu နှင့် Starman ကဲ့သို့သော ခေတ်ပေါ်အရုပ်ဒီဇိုင်းဆန်းများအပြင် TikTok နှင့် RedNote စသည့် လူမှုကွန်ရက်ပလက်ဖောင်းများ သည်လည်း ပြည်ပနိုင်ငံများတွင် မကြုံစဖူး အရှိန် အဟုန်ဖြင့် ခေတ်စားလာခဲ့သည်။ တရုတ်ယဉ်ကျေးမှု သည် ပိုမိုခေတ်မီဆန်းသစ်ပြီး ကဏ္ဍစုံလွှမ်းခြုံကာ တည်ငြိမ်ရင့်ကျက်သောဟန်ပန်ဖြင့် ကမ္ဘာ့စင်မြင့် ထံသို့ လှမ်းချီနေပြီ ဖြစ်ပါသည်။

**ဆိုလာထုတ်လုပ်မှုမှာ (၁၀) နှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်**

ယနေ့ခေတ်တရုတ်နိုင်ငံသည် တီထွင်ဆန်းသစ် မှုဖြင့် ရှေ့ဆောင်မောင်းနှင်နေသော တရုတ်နိုင်ငံ ဖြစ်ပါသည်။ စွမ်းအင်သစ် မော်တော်ယာဉ်ထုတ်လုပ် မှုနှင့် ရောင်းချမှုပမာဏာသည် အစီးရေ ၁၆ သန်းကို ကျော်လွန်ခဲ့သည်။ ဆိုလာပြားများ ထုတ်လုပ်မှုမှာ လည်း (၁၀) နှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်နေပြီး ကမ္ဘာလုံးဆိုင်ရာ လေစွမ်းအင်သုံး စက်ပစ္စည်းများ၏ ၇၀ ရာခိုင်နှုန်းနှင့် ဆိုလာပြားများ ၏ ၈၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ အဓိက မီးရှို့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းပညာသည်လည်း ကမ္ဘာ့ရှေ့ဆောင်နေရာတွင် ရှိနေပြီး မြို့ကြီးများကို ဒုက္ခပေးနေသည့် အဓိက မြေမြှုပ်ခြင်းပြဿနာကို လုံးဝဖြေရှင်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဒရုန်းများဖြင့် ပါဆယ်နှင့် အစားအစာများ ပို့ဆောင်ခြင်းသည် သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းများ ထဲမှ လက်တွေ့ဘဝသို့ ရောက်ရှိလာခဲ့ပြီး DeepSeek, Qwen နှင့် GLM-5 ကဲ့သို့သော ဉာဏ်ရည်တု (AI) မော်ဒယ်များသည် နိုင်ငံအသီးသီးမှ Developer များ၏ အားပေးထောက်ခံမှုကို ရရှိနေကြသည်။ လူသားပုံစံစက်ရုပ်များသည်လည်း နှစ်အနည်းငယ် အတွင်း လမ်းစလျှောက်ရုံအဆင့်မှ သွက်လက်စွာ ပြေးလွှားနိုင်သည့်အဆင့်နှင့် ကွန်ပျူတာပိုင်းပညာရှင် အဆင့်အထိ တိုးတက်ပြောင်းလဲလာခဲ့သည်။ Intelligent Manufacturing in China သည် ပိုမို ဉာဏ်ရည်ထက်မြက်ပြီး မိမိကိုယ်ကို ယုံကြည်မှု ရှိကာ ရင့်ကျက်သောဟန်ပန်ဖြင့် ကမ္ဘာ့စင်မြင့်ထံသို့ လှမ်းချီနေပြီဖြစ်ပါသည်။

**တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုသည် (၉)နှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်**

ယနေ့ခေတ် တရုတ်နိုင်ငံသည် ပွင့်လင်းမြင်သာ ပြီး တံခါးဖွင့်လှစ်၍ အားလုံးပါဝင်နိုင်သော တရုတ် နိုင်ငံ ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် တံခါးဖွင့် မဟာဗျူဟာကို အမြဲကျင့်သုံးလျက်ရှိပြီး ကိုယ်ပိုင် တံခါးဖွင့်လှစ်မှုနှင့် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်ရေးကို တက်ကြွစွာ တိုးချဲ့လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုပမာဏာသည်

စာမျက်နှာ ၇ သို့

## ညောင်ရွှေမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ ဇွန် ၇

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ခေါင်တိုင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ အသက် (၁၀) နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်မှုများ ယမန်နေ့က ပြုလုပ်ခဲ့ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတိုးရန့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ဘုတ်ပြင်း ဇွန် ၇

တနသံာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက်က ရွှေဘုံသာရပ်ကွက်ရှိ ပုလဲရွှေညောင်ဂေါက်ကွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ စိုလ်မှူးကြီး ထွန်းမင်းခိုင်၊ ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဘုတ်ပြင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ဘုတ်ပြင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က တက်ရောက် လာကြသည့် ခရိုင်၊ ယင်းနောက်တက်ရောက်လာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကြသူများက စုစုပေါင်းပျိုးပင် လူမှုရေး အသင်းအဖွဲ့များအား ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ စိုက်ပျိုးမည့် ပျိုးပင်များကို ကြောင်း သိရသည်။ ပေးအပ်ခဲ့သည်။



မြို့နယ်(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ကျိုက်မရော ဇွန် ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသည့် မှုခင်းပညာပေးနှင့်မှုခင်းကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ယမန်နေ့နံနက်က ဘာဘူကုန်းကျေးရွာ အလယ်တန်းကျောင်း၌ ပြုလုပ်သည်။



ဟောပြောပွဲတွင် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲဗိုမှူး နေသံခမ်းက မြို့နယ်အတွင်း အမှုအခင်းများ ဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန်နှင့် ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးအတွက် မှုခင်းအသိပညာပေးအကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏သိရှိလိုသည့်မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

*စာမျက်နှာ ၆ မှ*

(၉)နှစ်ဆက်တိုက် ကမ္ဘာ့ပထမနေရာတွင် ရပ်တည်နေပြီး နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ (CIIE) ကို တစ်နိုင်ငံတည်း ကျင်းပသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ပါသည်။ ယခုနှစ် မေလ ၁ ရက်နေ့မှစ၍ တရုတ်နိုင်ငံသည် မိမိနှင့် သံတမန်ဆက်ဆံရေးရှိသည့် အာဖရိကတိုက်ရှိ ၅၃ နိုင်ငံအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariff) မူဝါဒကို ဘက်စုံစတင်ကျင့်သုံးခဲ့ပြီး ဖြစ်ကာ ၎င်းမတိုင်မီ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့အပေါ် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒကို ကျင့်သုံးခဲ့ပြီးဖြစ်ပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၇၅ နိုင်ငံအပေါ် တစ်ဖက်သတ်ဗီဇာကင်းလွတ်ခွင့် သို့မဟုတ် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်များကို ကျင့်သုံးခဲ့ပြီး မဲခေါင်နိုင်ငံ ငါးနိုင်ငံအတွက်လည်း "လန်ချန်း-မဲခေါင်ဗီဇာ"ကို ထုတ်ပေးခဲ့ရာ ၂၀၂၅ ခုနှစ်တွင် ပြည်ပနိုင်ငံသား ဝင်ထွက်သွားလာမှုသည် လူဦးရေ ၈၂ ဒသမ ၀၃၅ သန်း အထိ ရောက်ရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၂၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာပြီး နွေးထွေးပျူငှာကာ ချစ်ကြည်ရင်နှီးသော ဟန်ပန်ဖြင့် အရပ်မျက်နှာအသီးသီးမှ ဧည့်သည်တော်များကို ကြိုဆိုလျက်ရှိပါသည်။

သတင်းစကားဆိုသည်မှာ ကြားရုံနှင့်မပြီးဘဲ မျက်မြင်ကိုယ်တွေ့ကြုံမှသာ အမှန်တကယ်ဖြစ်ပါသည်။ မြန်မာမိတ်ဆွေများ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ကြရန်၊ တရုတ်နိုင်ငံ၏ သဘာဝအလှတရား၊ ယဉ်ကျေးမှုအလှတရားနှင့် ဖွံ့ဖြိုးတိုးတက်မှု အလှတရားများကို ကိုယ်တိုင် ကိုယ်ကျ ခံစားကြည့်ရှုကြရန်၊ စစ်မှန်ပြီး ဘက်စုံလွှမ်းခြုံထားသော တရုတ်နိုင်ငံ၏ပုံရိပ်ကို ကိုယ်တိုင် ကိုယ်ကျ လက်ဆင့်ကမ်း မျှဝေပေးကြရန်နှင့် တရုတ် - မြန်မာ ချစ်ကြည်ရေး ပိုမိုနက်ရှိုင်းစေရန် အတွက် ပုံပိုးကူညီပေးကြရန် လိုက်လိုက်လဲလဲ ဖိတ်ခေါ်အပ်ပါသည်။

ကျွန်မနှင့် တရုတ်သံရုံးမှ လုပ်ဖော်ကိုင်ဖက်များသည် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများမှ တစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ရန် အတွက် နိုင်မသော အခြေခံအုတ်မြစ်များကို ချမှတ်ကာ ပိုမိုများပြားသော ဘုံသဘောထားများကို စုစည်းနိုင်ရန် မျှော်လင့်ပါသည်။ တရုတ်-မြန်မာ ပြည်သူချင်း စိတ်ချင်းဆက်နွှယ်မှုကို ပိုမိုကောင်းမွန်စွာ မြှင့်တင်ရန်အတွက် ကျွန်မတို့သည် မြန်မာမိတ်ဆွေများနှင့်အတူ အောက်ပါကဏ္ဍ (၄) ခုတွင် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားရန် ဆန္ဒရှိပါသည်။

ပထမအချက်မှာ ပွင့်လင်းမြင်သာပြီး တံခါးဖွင့်လှစ်၍ အားလုံးပါဝင်နိုင်သော စိတ်နေသဘောထားဖြင့် အချင်းချင်းယှဉ်မြင်ကြရန် ဖြစ်ပါသည်။ ယဉ်ကျေးမှုများသည် ကူးလူးဖလှယ်မှုများကြောင့် အရောင်အသွေးစုံလင်လာပြီး အပြန်အလှန်လေ့လာသင်ယူမှုများကြောင့် ကြွယ်ဝလာကာ အပြန်အလှန်ဆက်သွယ် ပြောဆိုနားလည်ခြင်းဖြင့် ကွဲပြားမှုများ ရှိသော်လည်း သဟဇာတဖြစ်မှုကို ဖော်ဆောင်နိုင်ကာ ချစ်ကြည်ရေးကို တိုးမြှင့်နိုင်မည်ဖြစ်သည်။ ကျွန်မတို့သည် နှစ်နိုင်ငံ ပြည်သူချင်း ကူးလူးဆက်ဆံမှု၏ ကျယ်ပြန့်မှုနှင့် နက်ရှိုင်းမှုကိုတိုးချဲ့ရန် ကြိုးပမ်းသွားရမည်ဖြစ်ပြီး အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများအကြား ပုံမှန်အပြန်အလှန် လည်ပတ်မှုများကို အားပေးမြှင့်တင်ကာ နှစ်နိုင်ငံလူငယ်များအကြား ဘာသာစကားသင်ယူခြင်း၊ လေ့လာရေးခရီးစဉ်များသွားခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်းနှင့် အနုပညာဖလှယ်ခြင်း စသည့်နည်းလမ်းများဖြင့် အချင်းချင်း၏ လူနေမှုဘဝထဲသို့ ဝင်ရောက်နိုင်ရန် ပုံပိုးပေးရမည်ဖြစ်ပြီး တန်းတူညီမျှခြင်း၊ အပြန်အလှန်လေ့လာသင်ယူခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အားလုံးပါဝင်နိုင်ခြင်းဟူသော ယဉ်ကျေးမှုအမြင်ဖြင့် ကူးလူးဖလှယ်ဆွေးနွေးမှုများကို ဖော်ဆောင်ကာ နှစ်နိုင်ငံပြည်သူများ၏ အသိအမှတ်ပြုမှုကို နက်ရှိုင်းစေပြီး နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် လူမှုရေးအခြေခံအုတ်မြစ်ကို ခိုင်မာအောင် တည်ဆောက်ရပါမည်။

ဒုတိယအချက်မှာ အပြန်အလှန် ဖေးမကူညီကြသည့် စိတ်ဓာတ်ဖြင့် အချင်းချင်းပံ့ပိုးပေးကြရန် ဖြစ်ပါသည်။ နိုင်ငံတကာအခြေအနေများသည် ပိုမိုရှုပ်ထွေးလာလေ၊ ကျွန်မတို့သည် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး ဟူသော အခြေခံဦးတည်ချက်ကို ပိုမိုကိုင်စွဲထားရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ချစ်ခင်ရင်နှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသော အိမ်နီးချင်း သံတမန်ရေးရာမူဝါဒကို အမြဲကိုင်စွဲထားမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏မြန်မာနိုင်ငံအပေါ်ထားရှိသော ချစ်ကြည်ရေးမူဝါဒသည် မြန်မာပြည်သူအားလုံး အတွက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းပြီး အေးချမ်းသာယာသော လုပ်ပသည့် အိမ်ဂေဟာတည်ဆောက်ရေးအတွက် အမြဲပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ကျွန်မတို့သည် နှစ်နိုင်ငံ အကြား ကူးလူးဆက်ဆံမှုအရှိန်အဟုန်ကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး နိုင်ငံတော်၏စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှုများကို နက်ရှိုင်းစေကာ အချင်းချင်း၏ အဓိကအကျိုးစီးပွားနှင့် ကြီးမားသော စိုးရိမ်ပူပန်မှုရှိသည့် ကိစ္စရပ်များတွင် အပြန်အလှန် နားလည်ပံ့ပိုးပေးကြပြီး နှစ်နိုင်ငံပြည်သူများ၏ သံယောဇဉ်နှောင်ကြိုးကို စဉ်ဆက်မပြတ် ပိုမိုတင်ကျပ်လာအောင် လုပ်ဆောင်ရပါမည်။

တတိယအချက်မှာ ပူးပေါင်းဆောင်ရွက်ပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အပူအဆာဖြင့် အချင်းချင်းအကျိုးပြုသွားရန် ဖြစ်ပါသည်။ "Belt and Road" နှင့် တရုတ်-မြန်မာ စီးပွားရေးစကြံ့ တည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏ မတည်ရင်းနှီးငွေ၊ လူသားအရင်းအမြစ်နှင့် နည်းပညာ စသည့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကန့်အသတ်များကို ထိရောက်စွာ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး "သွေးသွင်းခြင်း" ပုံစံ အကူအညီပေးခြင်းမှသည် "သွေးခဲကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်း" ပုံစံ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ကူးပြောင်းကာ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏ ကိုယ်ပိုင်မောင်းနှင်အားနှင့် ကိုယ်ထူကိုယ်ထ စွမ်းရည်ကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ကျွန်မတို့သည် ငလျင်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အဓိကထားပြီး အပြန်အလှန် ပေါင်းစည်းဆက်နွှယ်မှု၊ လျှပ်စစ်ဓာတ်အား၊ ရေနံသဘာဝဓာတ်ငွေ့၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အသွင်သစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင် ဆောင်ရွက်ရပါမည်။ ကျွန်မတို့သည် ပြည်သူ့အကျိုးပြု စီမံကိန်းများကို ပိုမိုအကောင်အထည်ဖော်ကာ ဆောင်ရွက်သွားရမည်ဖြစ်ပြီး တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများအတွက် အကျိုးကျေးဇူးများကို ပိုမိုဖော်ဆောင်ပေးရပါမည်။

စတုတ္ထအချက်မှာ ဘုံလုံခြုံရေးမူကို အခြေခံပြီး အချင်းချင်း ကူညီပံ့ပိုးပေးကြရန် ဖြစ်ပါသည်။ လုံခြုံရေးသည် နိုင်ငံအသီးသီး ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည်။ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှု စသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများသည် နိုင်ငံအသီးသီး၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ထိခိုက်စေပြီး လူမှုတည်ငြိမ်ရေးနှင့် နိုင်ငံတော်ပုံရိပ်ကိုလည်း သက်ရောက်မှုရှိစေကာ နိုင်ငံတစ်နိုင်ငံတည်း၏ အင်အားဖြင့် ထိရောက်စွာတုံ့ပြန်ရန် ခက်ခဲလှပါသည်။ ကျွန်မတို့သည် နှစ်ဖက် သို့မဟုတ် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ လုပ်ဆောင်ရမည်ဖြစ်ပြီး ပူးတွဲနှိမ်နင်းတိုက်ဖျက်မှု အရှိန်အဟုန်ကို မြှင့်တင်ကာ "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင် လှုပ်ရှားမှု"ကို အရှိန်မြှင့်တွန်းအားပေးပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဝံ့ခြုံရေးနှင့် ဒေသတွင်းနိုင်ငံများအကြား ကူးလူးဆက်ဆံမှု ပူးပေါင်းဆောင်ရွက်ရေး စနစ်တကျရှိမှုကို အတူတကွ ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

(၇၆) နှစ်တာကာလအတွင်း အေးအတူပူအမျှ လက်တွဲလျှောက်လှမ်းခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများ၏ နက်ရှိုင်းလှသော ချစ်ကြည်ရေးသည် တရုတ်-မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု၏ အင်အားအရင်းမြစ်ဖြစ်ပါသည်။ ကျွန်မတို့သည် မျိုးဆက်သစ်များထံသို့ ချစ်ကြည်ရေး လက်ဆင့်ကမ်းခြင်းကို အခြေခံပြီး အရည်အသွေးမြင့်မားသော ပြည်သူချင်း စိတ်ချင်းဆက်နွှယ်မှုကို တွန်းအားပေးကာ ခေတ်ကာလအသစ်တွင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၏ စာမျက်နှာသစ်ကို ရေးဖွဲ့သီကုံးကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း၏ စွမ်းကဖွယ်ကောင်းသော အနာဂတ်ကို အတူတကွ ဖန်တီးပုံဖော်လိုက်ကြပါစို့။ ။

◆ *ကျောဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၅ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်၊ ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၄၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၃၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံများအား ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။







ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

❂ *ကျောဖုံးမှ*

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားနှစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၂၀ တို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

မြန်မာ ယူ-၁၉ အသင်းသည် တီမော ယူ-၁၉ အသင်းနှင့် အုပ်စုနောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး အုပ်စုပထမပွဲ၌ အိမ်ရှင် အင်ဒိုနီးရှားအသင်း၊ အုပ်စုဒုတိယပွဲ၌ ဗီယက်နမ်အသင်းတို့ကို ရှုံးနိမ့်ခဲ့ရမှုကြောင့် အုပ်စုအဆင့်ကနေ ထွက်ခွာရပြီဖြစ်သည်။

မြန်မာ့အလင်း

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) သဘာဝဘေးဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ဘေးလွတ်သော နေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိရန်၊

(၇) မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၈) သို့လောင်ထားသောတိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၉) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အခြေခံဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၁၀) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

✲ *ကျောဖုံးမှ*

အယ်လာသည် ဆီမီးဖိုင်နယ်တွင်လည်း ဆွစ်ဇာလန်တင်းနစ်မယ် ရောဂျာမာဆာရီဗာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၂၊ ၄-၆၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။ ၎င်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်တင်းနစ်မယ် တာတွန်ကိုဗာကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ဘာမင်ဂမ်ကလက်ဆစ်ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် အမေရိကန်တင်းနစ်မယ် အီဗာယိုဗစ်ချ်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသူ ဖြစ်သည်။

အောင်ဇော်

❑ *ကျောဖုံးမှ*

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စီတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန်နှင့် ဆွေးနွေးလိုသည့် ခေါင်းစဉ်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန် - ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**၀၉ ၄၃၀၁၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁**
**dgdptsc2021@gmail.com**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်း၃၀ဒေ ၃၁၂)


မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန


# ၂၀၂၆ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)




ပုံ(၁)၊ မိုးရေနမူနာ တိုင်းတာသည့် စခန်းများပြပုံ။

၂၀၂၆ ခုနှစ် မေလအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာ ရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5–8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)




ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ မေလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသော ကြောင့် ၂၀၂၆ ခုနှစ်၊ မေလအတွင်း မိုးရေ နမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်း တို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိပါ ကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

၂၀၂၆ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ


| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၆.၇ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္ဓီး | ၇.၁ |
| ၄ | လားရှိုး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၂ |
| ၆ | မိုင်းဆတ် | ၆.၈ |
| ၇ | ကျိုင်းတုံ | ၆.၆ |
| ၈ | စစ်ကိုင်း | ၆.၆ |
| ၉ | ညောင်ဦး | ၆.၅ |
| ၁၀ | မုံရွာ | ၆.၅ |
| ၁၁ | ပျဉ်းမနား | ၇.၁ |
| ၁၂ | ပြင်ဦးလွင် | ၇.၁ |
| ၁၃ | ကလေး၀ | ၇.၂ |
| ၁၄ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၁၅ | မော့ဘီ | ၇.၁ |
| ၁၆ | မကွေး | ၆.၉ |
| ၁၇ | အောင်လံ | ၆.၉ |
| ၁၈ | လွိုင်ကော် | ၆.၈ |
| ၁၉ | စစ်တွေ | ၆.၇ |
| ၂၀ | ပြည် | ၆.၇ |
| ၂၁ | ပဲခူး | ၇.၂ |
| ၂၂ | တောင်ငူ | ၆.၈ |
| ၂၃ | ပုသိမ် | ၇.၀ |
| ၂၄ | မအူပင် | ၆.၅ |
| ၂၅ | ဟသ်ာတ | ၇.၁ |
| ၂၆ | မော်လမြိုင် | ၇.၀ |
| ၂၇ | ဘီးလင်း | ၆.၇ |
| ၂၈ | ဘားအံ | ၆.၉ |
| ၂၉ | ထားဝယ် | ၆.၅ |
| ၃၀ | မြိတ် | ၆.၆ |
| ၃၁ | ကော့သောင်း | ၆.၆ |

# ၂၀၂၆ ခုနှစ် မေလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm)နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$)စောင့်ကြည့်တိုင်းတာခြင်းနှင့် ရုံးပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station–AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၏၂၀၂၆ ခုနှစ် မေလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိနှင့် မေလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် လေအရည်အသွေးမှာ မေလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၈ ရက်၊ အသင့်အတင့်အဆင့်၌ ရက် ၂၀ နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ ကောင်းမွန်သောအဆင့်၌ ၈ ရက်နှင့် အသင့်အတင့်အဆင့်၌ ၂၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**





ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ။




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ။




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ။




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း။

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း(AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွှမ်းစွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေ ပိုများသည်။ |

# သက်ရောက်မှုကောင်းများနှင့်အတူ စဉ်ဆက်မပြတ် တိုက်ဖျက်ရမည့် မူးယစ်ဆေးဝါး

ရွှေစင်

**ကျွန်မတို့ရဲ့ဝန်းကျင်မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာ၊ နာကြည်းစရာတွေ ကြားရ၊ တွေ့ရ အများအပြားရှိနေခဲ့တာ ကြာပါပြီ။ တစ်ခါက မိတ်ဆွေတစ်ယောက်ရဲ့ အသိတစ်ယောက် စိတ်ကြွရူးသွပ်ဆေးကြောင့် အဖမ်းခံလိုက်ရတဲ့သတင်း၊ ကျောင်းနေဖက် ငယ်သူငယ်ချင်းတစ်ယောက် ဆေးစွဲပြီး ကျန်းမာရေးထိခိုက်သွားရတဲ့ သတင်းတွေ ကြားသိခဲ့ရပါတယ်။**

ဒီလို စိတ်မချမ်းသာစရာ အဖြစ်တွေကြောင့် လွန်ခဲ့တဲ့ တစ်နှစ်လောက်က Happy Water နဲ့ ပတ်သက်ပြီး ပညာပေးဆောင်းပါးတစ်ပုဒ် ရေးဖြစ်ခဲ့ပါသေးတယ်။ တကယ်တော့ မူးယစ်ဆေးဝါးက လူမှုစီးပွားဘဝ ဆိုးကျိုးသက်ရောက်မှုနဲ့အတူ ဘေးဒုက္ခကြီးတစ်ခုပါ။ မူးယစ်ဆေးဝါးကြောင့် ကိုယ့်ကိုယ်ကိုယ် အရှုံးပေးလိုက်ရတဲ့ဘဝတွေ၊ စီးပွားပျက်၊ ပညာရေးဆုံးခန်းမတိုင်၊ နိုင်ငံ့အရင်းအမြစ်တွေဆုံးရှုံး၊ နောက်ဆုံး ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးအထိ ကြီးထွားလာရပါတယ်။ ပဋိပက္ခတွေ ဖြစ်ကြရတယ်။ နောက်ဆက်တွဲဆိုးကျိုးတွေ၊ သက်ရောက်မှုတွေ ဘာတစ်ခုမှ ကောင်းတာမရှိတဲ့ ဒီမူးယစ်ဆေးဝါးအကြောင်း၊ ပညာပေးရမှာက ကျွန်မတို့ရဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာပါတယ်။

### ထိရောက်မှုနှင့် သက်ရောက်မှုကို ဆန်းစစ်ကြည့်သည့်အခါ

တကယ်တော့ ယနေ့ခေတ် လူမှုအသိုင်းအဝိုင်းမှာ မူးယစ်ဆေးဝါးပြဿနာဆိုတာက လူသားတွေရဲ့ အနာဂတ်ကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ကြီး တစ်ရပ်အဖြစ် တည်ရှိနေဆဲပါ။ ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါး အလွဲသုံးစားမှု၊ တရားမဝင် ရောင်းဝယ်မှုတွေကို တိုက်ဖျက်နေပေမယ့် စိတ်ကို လှုံ့ဆော်စေတဲ့ ဆေးဝါး၊ စိတ်ကိုငြိမ်စေ၊ ကြွေး၊ ချောက်ချားရွံးသွပ်စေတဲ့ ဆေးဝါးတွေရဲ့ အန္တရာယ်က မရပ်မစဲ တိုးပွားလာနေပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို သတင်းစာ၊ စာစောင်မျိုးစုံနဲ့ Social Media တွေကတစ်ဆင့် ပုံစံအမျိုးမျိုးနဲ့ အသိပညာပေး ရေးသားပြောဆို နေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါပေမယ့် အမှန်တကယ် ထိရောက်ပါရဲ့လား။ မူးယစ်ဆေးဝါးဆိုတာ အစကတည်းက မသုံးသင့်တဲ့ အရာ၊ လက်တည့်မစမ်းသင့်တဲ့ အန္တရာယ်တစ်ခု။ အစပြုလိုက်တာနဲ့ တစ်ပြိုင်နက် ဆုံးရှုံးနစ်နာမှု အနှစ်ချုပ်ကိုဖြစ်စေပြီး လူတစ်ဦးရဲ့ ဘဝလမ်းကြောင်းကိုပါ လုံးဝပြောင်းလဲပစ်နိုင်တဲ့ ဘေးတစ်ခုရယ်လို့ ပညာတွေပေးနေ၊ အပြစ်ပေးအရေးယူ၊ ထုတ်လုပ်မှုကို အပြင်းအထန် တိုက်ဖျက်နေကြတယ်။ ဒါပေမယ့်လည်း အထက်မှာဆိုခဲ့သလို ထိရောက်မှုနဲ့ သက်ရောက်မှု အခြေအနေကို ဆန်းစစ်ကြည့်တဲ့ အခါ...။

### နောက်ဆက်တွဲဆိုးကျိုးတွေကို သိထားမှသာ

တစ်ခါက မိမိပတ်ဝန်းကျင်မှာ ကြုံခဲ့ရတာလေးတစ်ခု ပြန်လည်မျှဝေချင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ထင်ယောင်ထင်မှားဖြစ်ပြီး အထင်အမြင်မှားယွင်းမှုကြောင့် လူသေဆုံးမှုဖြစ်တဲ့အထိ အချင်းချင်းတိုက်ခိုက်မှုဖြစ်ရတဲ့ တရားခံက အရက်နဲ့ မူးယစ်ဆေး သုံးစွဲထားလို့ပါတဲ့။ ရန်ပွဲများနဲ့ မလိုလားအပ်တဲ့ပြစ်မှုတွေ ကျူးလွန်လာကြခြင်းကို စိတ်ကြွရူးသွပ်ဆေးများသုံးစွဲခြင်းနဲ့ ဆက်စပ်မိလိုက်ပါတယ်။

ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ရန်လိုခြင်း မပြုတဲ့တိုင် သုံးစွဲသူကိုယ်တိုင်ပဲ မူးယစ်နေတဲ့ အတွက် အသိဉာဏ်ဆုံးရှုံးပြီး မကောင်းတဲ့ဘက်ကို ရောက်သွားရတဲ့အဖြစ်တွေ၊ မိသားစုအတွက် သာမက ပတ်ဝန်းကျင်အတွက်ရော တိုင်းပြည် အတွက်ပါ ဘယ်လောက်နစ်နာနေကြပြီလဲ။ မိမိ လူမျိုးအတွက်ပါ လူ့အဖွဲ့အစည်းမှာပါ တနံဖိုးမဲ့ သူတစ်ယောက်အဖြစ် ရောက်မှန်းမသိ ရောက်ရှိသွားရတဲ့ အနေအထားတွေ။ နောက်ဆုံး မိမိရဲ့ အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်လာနေကြောင်း မသိမဖြစ် သိထားရပါမယ်။

> **“မူးယစ်ဆေးဝါးပြဿနာဟာ မြန်မာလူငယ်ထုအပါအဝင် ကမ္ဘာ့လူသားများအတွင်းမှာပါ ယဉ်ကျေးမှုတစ်ရပ်လို စိမ့်ဝင်လွှမ်းခြုံလျက်ရှိနေကြောင်း ကျွန်မတင်ပြခဲ့ပြီးပါပြီ။ ဒါကြောင့် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးပြဿနာ၊ အမျိုးသားရေးရန်သူအဖြစ် ခံယူပြီး ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက် တိုက်ဖျက်ချေမှုန်းဖို့ အမှန်တကယ် လိုအပ်တာမို့ သုံးစွဲသူအများစုကို တားဆီးနှိမ်နင်းနေရုံသာမက ထုတ်လုပ်မှုနဲ့ ရောင်းဝယ်မှုကိုပါ ထိထိမိမိ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်”**

ခေတ်ရေစီးကြောင်းအရ နောက်ထပ်ပြဿနာတစ်ခုက မူးယစ်ဆေးဝါးသုံးစွဲခြင်းနဲ့ အတူ နောက်ဆက်တွဲပါလာတဲ့ အွန်လိုင်းလောင်းကစားပြဿနာပါပဲ။ အနိုင်အရှုံးကို မစဉ်းစားနိုင်ဘဲ ထပ်ကာထပ်ကာ တစ်ပွဲပြီးတစ်ပွဲ လောင်းကစားပြုလုပ်နေသူတွေကို တွေ့ဖူးပါတယ်။ လောဘအပြင် မူးယစ်ဆေးဝါး လွှမ်းမိုးမှုပါ ပါဝင်နေတယ်ဆိုတာ သိကြပါရဲ့လား။ အကျိုးဆက်က ယနေ့လူငယ်တွေရဲ့ လက်ရှိနဲ့ အနာဂတ်ဘဝတွေ ပိုမိုထိခိုက်သွားရပြီး မိသားစုဝင်တွေကိုပါ ဆင်းရဲတွင်းဆီ ဆွဲချသွားစေနိုင်တဲ့အထိ ကို သိရှိနားလည်ထားရပါမယ်။

### ပုံစံမျိုးစုံနှင့် အစုံအစုံ

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး အမျိုးအစားပေါင်းများစွာရှိတဲ့အနက် အားလုံးကြားဖူးတဲ့ ဘိန်းဖြူ၊ ဘိန်းမည်း၊ WY၊ ICE၊ Happy Water၊ Ketamine (K)၊ Ecstasy (E) စတာတွေကို အများဆုံး အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ဒီမူးယစ်ဆေးဝါးမျိုးစုံ၊ ပုံစံမျိုးစုံကို နေရာစုံမှာ ဈေးပေါပေါနဲ့ အလွယ်တကူ ရရှိနေပါသလား။ ယခုလို အခြေအနေများကပဲ မူးယစ်ဆေးသုံးစွဲသူ အရေအတွက်ကို တိုးပွားလာစေတဲ့ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်နေပါသလား။ စဉ်းစားမိပါတယ်။ အထူးသဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို မသိရှိသေးတဲ့ လူငယ်တွေဟာ အလွယ်တကူ လှည့်ဖြားခံရနိုင်တဲ့အတွက် မူးယစ်ဆေးရောင်းချသူတွေရဲ့ ပစ်မှတ်ဖြစ်လာနေပါတယ်။ ဒါ့အပြင် မူးယစ်ဆေးသုံးစွဲတဲ့ သူငယ်ချင်း၊ မိတ်ဆွေတွေရဲ့ သွေးဆောင်ဖြားယောင်းမှုက တစ်ဆင့် အလွယ်တကူ ရောင်းချသုံးစွဲသူအဖြစ် ရောက်ရှိသွားနိုင်တာကိုလည်း သိရှိထားရမှာ ဖြစ်ပါတယ်။

ယခုခေတ်မှာ ကျွန်မတို့သိတဲ့ မူးယစ်ဆေး အမျိုးအစားတွေက စိတ်ကြွဆေးတင်မက Happy Water အထိ ကြားဖူးနားဝ ဖြစ်လာနေပါတယ်။ “ပျော်ရွှင်ဆေးရည်”လို့ အမည်လှလှပေးထားပေမယ့် အဲဒီဆေးရည်ရဲ့ နောက်ကွယ်မှာတော့ သေခြင်းတရားရဲ့ အရိပ်မည်းက ကပ်ငြိရပ်တည်နေပါတယ်။ Happy water ဆိုတဲ့အရာက အခြားဆေးတွေလို အမှုန့်သဏ္ဌာန်ပါပဲ။ ရေ၊ အချိုရည်၊ ဘီယာ တစ်မျိုးမျိုးနဲ့ ရောစပ်သောက်လိုက်ရင် အချိန်တို အတွင်း ပေါ့ပါးလန်းဆန်းပြီး စိတ်တွေပျော်ရွှင်လာမယ်၊ လူကို အလွန်အမင်း တက်ကြွသွားစေတယ်၊ ကချင်ခုန်ချင်စိတ် ဖြစ်သွားတယ်လို့ ဆိုပါတယ်။

ဒါကြောင့် Night Life လူငယ်တွေကြားမှာ Happy water က ရေပန်းစားလာပြီး အဲဒါကို သောက်သုံးမှသာ ခေတ်မီတဲ့အထိ အထင်ရောက်သွားခြင်းဖြစ်ပါတယ်။ လူငယ်တွေအတွက် လမ်းမှား အစတစ်ခုပါပဲ။ ခန္ဓာကိုယ်နဲ့ ဦးနှောက်ကို ပျက်စီးစေတဲ့ ဆေးရဲ့အစွမ်းသတ္တိကပဲ လူငယ်တွေကို ရုတ်တရက် အသက်ဆုံးရှုံးနိုင်တယ်ဆိုတာ သိလိုက် ရတဲ့အချိန်မှာ အများကြီး နောက်ကျသွားပါပြီ။ သောက်သုံးပြီးချိန်မှာ ခန္ဓာကိုယ်က လန်းဆန်း တက်ကြွနေပေမယ့် ဆေးရှိန်ကျသွားတာနဲ့ ပင်ပန်း နွမ်းနယ်မှုကို အလွန်အမင်း ခံစားရတယ်လို့ ဆိုပါ တယ်။ ဆေးရည်သောက်သုံးမှုပမာဏ များသွားခဲ့ရင် လည်း ကုသချိန်တောင်မရဘဲ ရုတ်တရက် အသက် သေဆုံးနိုင်တဲ့အထိ အသက်အန္တရာယ်ကြီးမားလှတဲ့ အဆိပ်တွေပါ။

### ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်နေသည့် ပြဿနာ

ဘိန်းစိုက်ပျိုးမှုနဲ့ ဘိန်းဖြူထုတ်လုပ်မှုဟာ မြန်မာနိုင်ငံအတွက် အဓိကပြဿနာတစ်ခု ဖြစ်ဆဲ ဖြစ်ပေမယ့် ယနေ့ခေတ်မှာ ပိုပြီးဆိုးလာတာက လူလုပ်မူးယစ်ဆေးဝါးတွေ (Synthetic Drugs) ထုတ်လုပ်မှုကို နေရာမရွေး ထုတ်လုပ်လာနိုင်ပြီး ထိန်းချုပ်ဖို့လည်း ပိုမိုခက်ခဲနေပါတယ်။ ပြဿနာက ပြည်တွင်းငြိမ်းချမ်းရေးနဲ့လည်း နီးနီးကပ်ကပ် ဆက်စပ်နေခြင်းပါ။

လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားတဲ့ဒေသတွေမှာ စီးပွားရေးအခွင့်အလမ်း နည်းပါးကြတဲ့အတွက် အမြတ်အစွန်း အလွယ်တကူရရှိတဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနဲ့ ရောင်းဝယ်ဖောက်ကားခြင်းကို မထိန်းချုပ်နိုင်လောက်အောင် ဆက်လက်တည်မြဲနေတာ မဆန်းပါဘူး။ ဒါ့အပြင် မူးယစ်ဆေးဝါးက လက်နက်ကိုင်အဖွဲ့အစည်းအချို့ရဲ့ အဖျက်လုပ်ရပ် အတွက် ဝင်ငွေရလမ်း အရင်းအမြစ်တစ်ခုအဖြစ် ရပ်တည်နေခြင်းပါပဲ။ ဒါ့ကြောင့် မူးယစ်ဆေးဝါး ပြဿနာကို အမြစ်ပြတ်ဖြေရှင်းမယ်ဆိုရင် ငြိမ်းချမ်း ရေးတည်ဆောက်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိုပါ ဆက်စပ်လုပ်ဆောင်ရမယ်လို့ သဘောပေါက် ပါတယ်။

လက်နက်ကိုင်ပဋိပက္ခတွေ ဆက်လက်ရှိနေသရွေ့ မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုကလည်း ဆက်လက်တည်မြဲနေမယ့်သဘောပါ။ အကြောင်းက လက်နက်ကိုင်ပဋိပက္ခနဲ့အမျှ စီးပွားရေး အခွင့်အလမ်းတွေ အကန့်အသတ်ဖြစ်လာပြီး လူမှုရေးအခက်အခဲတွေပါ တိုးပွားလာနိုင်တာကြောင့် ဒေသခံပြည်သူအချို့အနေနဲ့ ဖိအားမျိုးစုံနဲ့ အတူ မူးယစ်ဆေးသုံးစွဲမှုလမ်းမှားဆီ ရောက်သွားနိုင်ကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကို အခွင့် ကောင်းတစ်ခုအဖြစ် အသုံးချပြီး မူးယစ်ဆေးဝါးကို ရောင်းဝယ်ဖောက်ကားနေတဲ့ ဝိသမလောဘသား တစ်သိုက် ရှိနေခြင်းဟာ လူ့အဖွဲ့အစည်းအတွက် တော့ တကယ့်အန္တရာယ်ပါပဲ။ မူးယစ်ဆေးဝါး ရောင်းဝယ်မှုကို ထိထိရောက်ရောက် တားဆီး နှိမ်နင်းတိုက်ဖျက်နိုင်မို့ဆိုရင် တရားဥပဒေစိုးမိုးရေး အားကောင်းဖို့ လိုအပ်ကြောင်း တွေ့ရပါတယ်။ ဘိန်းစိုက်ပျိုးတဲ့ဒေသတွေမှာ ဘိန်းစိုက်ပျိုးမှု လျော့နည်းဖို့ဆိုရင် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးကို ထိထိ ရောက်ရောက် အကောင်အထည်ဖော်ဖို့လည်း အရေးကြီးပါတယ်။ ဘိန်းစိုက်ပျိုးမှု များပြားလာ နေခြင်းနဲ့ စီးပွားရေးအရ တွက်ခြေကိုက်ခြင်းကို ဖြတ်တောက်ရပါမယ်။ ဒီအချက်ကို ဘိန်းအစားထိုး သီးနှံစိုက်ပျိုးမှု အောင်မြင်ဖို့ အဓိကအခြေခံ အကြောင်းတရားအဖြစ် သတိထားမိပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ မြန်မာလူငယ်ထု အပါအဝင် ကမ္ဘာ့လူသားများအတွင်းမှာပါ ယဉ်ကျေးမှုတစ်ရပ်လို စိမ့်ဝင်လွှမ်းခြုံလျက်ရှိနေ ကြောင်း ကျွန်မတင်ပြခဲ့ပြီးပါပြီ။ ဒါကြောင့် မူးယစ် ဆေးဝါးပြဿနာကို အမျိုးသားရေးပြဿနာ၊ အမျိုး သားရေး ရန်သူအဖြစ်ခံယူပြီး ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက် တိုက်ဖျက်ချေမှုန်းဖို့ အမှန်တကယ်လိုအပ်တာမို့ သုံးစွဲသူအများစုကို တားဆီးနှိမ်နင်းနေရုံသာမက ထုတ်လုပ်မှုနဲ့ ရောင်းဝယ်မှုကိုပါ ထိထိမိမိ ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ဖို့ လွတ်လပ်ရေးရပြီး ၁၉၇၄ ခုနှစ်မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေထုံပြီး ပြဋ္ဌာန်းခဲ့ပါတယ်။ ဒုံအပြင် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုလည်း ၁၉၇၆ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ ဥပဒေဖြစ်ဖို့ ၁၉၉၃ ခုနှစ်မှာ အဲဒီဥပဒေကို ရုပ်သိမ်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပြီး အဲဒီဥပဒေကိုပဲ ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၅ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ် တိုင်တိုင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးပါပြီ။

ဒါပေမယ့် ဥပဒေတစ်ခု ပြဋ္ဌာန်းရုံနဲ့ လုံလောက်ပါ့မလား။ အစိုးရနဲ့ ပြည်သူတို့ရဲ့ စေတနာဝါပါ ပူးပေါင်းဆောင်ရွက်မှု၊ မိဘတွေရဲ့ အုပ်ထိန်းမှု၊ ပညာရေးကတစ်ဆင့်၊ ဘာသာရေးအသိတရားများ စိမ့်ဝင်ပျံ့နှံ့မှု၊ လူမှုအဖွဲ့အစည်းရဲ့ အသိပညာပေးမှု၊ တရားဥပဒေစိုးမိုးမှုတွေက အထူးအရေးကြီးလှပါ တယ်။ ယခုလို ခေတ်သစ်၊ စနစ်သစ်မှာ စိတ်သစ် လူသစ်နဲ့ အနာဂတ်ကြယ်ပွင့်တွေဖြစ်တဲ့ လူငယ်တွေ မူးယစ်ဆေးသုံး၊ လမ်းမှားမရောက်စေဖို့ ကြိုတင် ကာကွယ်တဲ့အနေနဲ့ မှန်ကန်တဲ့ လမ်းညွှန်မှုတွေ ထိထိရောက်ရောက်ပေးနိုင်ဖို့ အမှန်တကယ်

*စာမျက်နှာ ၁၁ သို့*

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာယာဝတီ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

သာယာဝတီ ဇွန် ၇

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က သာယာဝတီ မြို့နယ် သခွတ်ကုန်းရပ်ကွက်လယ်တီ ဘုန်းတော်ကြီးကျောင်းဘေးရှိ သတ်မှတ်မြေနေရာ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သဲစဉ်နှင့် အဖွဲ့ဝင်များက ကြီးမှူးကျင်းပခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြ၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ပေးအပ်ပြီး သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များ စိုက်ပျိုးကြသည်။



အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ပညာရေးဦးစီးဌာန၊ မြန်မာ့မီးရထားတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကာ ကျွန်းပင် ၁၀၀၊ မဟော်ဂနီ ၁၀ ပင်၊ မန်ကျန်ရှားအပင် ၂၀၊ ခရေ ၁၀ ပင်၊ ကံ့ကော်အပင် ၂၀ နှင့် ပျဉ်းကတိုး ၁၀ ပင် စုစုပေါင်းအပင် ၁၇၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဥပဒေရေးရာအသိပညာပေး

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဥပဒေရေးရာအသိပညာပေးခြင်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အမှတ်(၂၉)ရပ်ကွက် ကျက်သရေဆောင်မွှာရုံ၌ ဇွန် ၅ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ဇာခြည်လင်း၊ မြို့နယ်ဥပဒေအရာရှိ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး၊ အမှတ်(၃၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ဒုတိယရဲမှူးတို့က ဥပဒေရေးရာများနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် မှုခင်းပညာပေးဆိုင်ရာများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ရပ်ကွက်နေပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချမ်းမြသာစည်မြို့နယ်၌ ပြည်သူ့လုံခြုံရေးအတွက် မော်တော်ယာဉ်များစစ်ဆေး

ချမ်းမြသာစည် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏအောင်ကြီးကြပ်မှုဖြင့် ပြည်သူ့လုံခြုံရေးအတွက် မြို့တွင်းမော်တော်ယာဉ်များ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက အောင်ပင်လယ်နယ်မြေရဲစခန်းအပိုင်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်၍ နယ်မြေခံစခန်းမှူးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၈၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့တွင်း မော်တော်ယာဉ်များ စစ်ဆေးရာတွင် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံခြင်းများဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြည်သူများက ပူးပေါင်းပါဝင်ပေးခဲ့ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)



## တောင်ငူခရိုင်အတွင်း မိုးစပါးရာသီ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

တောင်ငူ ဇွန် ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း မိုးစပါးဧက ၄ ဒသမ ၅၀ သိန်းကျော်ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာသီတစ်လျှောက် ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကို မိုးမကျမီ တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရေတာရှည်မြို့နယ် ညောင်ပင်သာ ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၄၅၀ အပါအဝင် ဧရိယာဧက ၆၃၅ ကို ကာကွယ်ပေးနိုင်မည့် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းဒါးခု၊ အုတ်တွင်းမြို့နယ် ရေသိုးကျေးရွာအုပ်စု အတွင်းရှိ လယ်မြေဧက ၂၀၀ အပါအဝင် ဧရိယာဧက ၆၀၀ ကို ကာကွယ်နိုင်မည့် ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းနှစ်ခုတို့ကို တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဓော်ကိုကို(တောင်ငူ)



## သာစည်မြို့နယ်သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

သာစည် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကျော်စိုး၊ တောအုပ်ကြီးနှင့် တောအုပ်က ရောယမ်းဇာတထိန်းသိမ်းရေး၊ ဌာနမှဆောင်ရွက်လျက်ရှိသော ပျိုးပင်များ အခမဲ့ဖြန့်ဝေနေမှုများနှင့် သစ်ပင်စိုက်ပျိုးခြင်းတွင် ပြည်သူများ ပူးပေါင်း ပါဝင်လာစေရေးတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျောက်မဲမြို့၌ သီးသန့်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ကျောက်မဲ ဇွန် ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ သီးသန့်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရပ်ကွက် (၁) ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ရွှေက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် ကျောက်မဲခရိုင် မီးသတ်တပ်ဖွဲ့မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါမီးသတ်သင်တန်းကို မေ ၂၅ ရက်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသား စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



*စာမျက်နှာ ၁၀ မှ*

လိုအပ်လျက်ရှိတာ ပေါ်လွင်နေပြီ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ လူတစ်ဦးချင်းရဲ့ ပြဿနာသာမက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ကိုပါ မြိမ်းခြောက်နေတဲ့ အမျိုးသားရေးပြဿနာကြီးတစ်ရပ် ဖြစ်တယ်ဆိုတာ မမေ့ကြဖို့ လိုပါတယ်။ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာမှာ တရားဥပဒေအစိုးမိုးမှု၊ အုပ်ချုပ်ရေးယန္တရားတွေ စနစ်တကျ လည်ပတ်နိုင်မှုနဲ့ နိုင်ငံတည်ငြိမ်အေးချမ်းမှုဟာ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒဲ့အပြင် ဒေသခံပြည်သူတွေနဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှု ကလည်း မရှိမဖြစ် လိုအပ်လှပါတယ်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဟာ ဘယ်ခေတ်ဘယ်အခါမဆို အခက်အခဲ၊ စိန်ခေါ်မှုများစွာ ရှိနေမှာဖြစ်ပေမယ့် အမျိုးသားရေးဘုံရန်သူအဖြစ် သဘောထားပြီး အစိုးရနဲ့ ပြည်သူတွေက အားအင်အပြည့်နဲ့ ပူးပေါင်းပြီး ထိထိရောက်ရောက် တိုက်ဖျက်မယ်ဆိုရင် မအောင်မြင်နိုင်စရာ မရှိပါဘူး။ အဓိကက အနာဂတ်မျိုးဆက်သစ်တွေဖြစ်တဲ့ လူငယ်တွေရဲ့ အိပ်မက်တွေ မပျက်စီးစေဖို့၊ မိသားစုတွေ မပြိုကွဲစေဖို့နဲ့ နိုင်ငံရဲ့အနာဂတ် တောက်ပလာစေဖို့ပါပဲ။ ဒဲ့ကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟာ အင်ပြည့်အားပြည့်၊ ထိထိရောက်ရောက်နဲ့ သက်ရောက်မှုကောင်းအောင် ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမယ့် ကျွန်မတို့ရဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်နေဆဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက်နောက်မကျ။ ဒုတိယအကြိမ် အကောင်းဆုံးပ

# ဘုတ်ပြင်းမြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

ဘုတ်ပြင်း ဇွန် ၇

ဘုတ်ပြင်းမြို့၌ လမင်းစီမံချက် တနသာရီ တိုင်းဒေသကြီး ဖြင့် နိုင်ငံသားစိစစ်ရေးကတ်



ဆောင်ရွက်ခြင်းကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ရုံးမှ ဝန်ထမ်းများက ဇွန် ၅ ရက် က ထောင်ခမက်ကျေးရွာအုပ်စု အောက်လိပ်ကျေးရွာ အခြေခံ ပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းသား ကျောင်းသူများအား အသက် (၁၀) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း ဆောင်ရွက်နေမှုကို ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းဖြတ်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

မိုင်းဖြတ် ဇွန် ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းကို ယမန်နေ့က နားမွန်းကျေးရွာခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညွှန့်ဝင်းနှင့် မြို့နယ်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းမြတ်ရည်ဝင်းတို့က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား



သည်။ အဆိုပါသင်တန်းကို ဇွန် ၆ ရက်မှ ၈ ရက် အထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဖွင့်

မြိတ် ဇွန် ၇

တနသာရီတိုင်းဒေသကြီး မြိတ် မြို့နယ် ကျွဲကူးကျေးရွာ အဏ္ဏဝါ ရပ်ရှိ မူလတန်းလွန်ကျောင်း၌



ကိုယ့်အားကိုယ်ကိုးကျောင်းဆောင် သစ် (မဋ္ဌဆောင်)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ဦးသက်နိုင်၊ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းဆောင်သည် အလျားပေ ၅၈၊ အနံ ပေ ၃၀ အောရ်စီ နှစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး ပျက်စီးယိုယွင်းသည့် ကျောင်း ဆောင်အဟောင်းကို ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ကျောင်း အကျိုးတော်ဆောင် အဖွဲ့တို့က ကိုယ်ထူကိုယ်ထဖြင့် ကျောင်း ဆောင်သစ် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ မျိုးစပါးနှင့် သဘာဝမြေဩဇာထောက်ပံ့ ပေးအပ်

လှည်းကူး ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် သမဝါယမဦးစီးဌာနမှ အသင်းသား တောင်သူများအား မျိုးစပါးနှင့် သဘာဝမြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၅ ရက်က ပို်က်ကြီးဝဲကျေးရွာ အုပ်ချုပ် ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့် ဖြိုးထွန်းနှင့် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေ တို့က မျိုးစပါးနှင့် သဘာဝ မြေဩဇာများ ထောက်ပံ့ပေးရ ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း



ပြောကြားပြီး အသင်းသား တောင်သူ ၁၀၀ အတွက် မျိုးစပါး နှင့် သဘာဝမြေဩဇာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ ကြောင်း သိရသည်။

အိမ်ရွှေစင်လတ်(လှည်းကူး)

# တောင်ကြီးမြို့၌ တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဇွန် ၇

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက



ဇွန် ၄ ရက်မှစ၍ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု မြေပြင်ကွင်းဆင်း အဖွဲ့ဖြင့် ကွန်လုံကျေးရွာအုပ်စု ကျောက်နီမွေးမြူရေးဒုန်၌ ကွင်းဆင်း ဆောင်ရွက်ရာ မွေးမြူသူ ကိုးဦးနှင့် လုပ်ငန်းကုမ္ပဏီ သုံးခုတို့မှ နွားစားနွား ၁၁၅၈ ကောင်၊ ဒေသနွား ၇၀၇ ကောင်နှင့် အသားတိုးနွား ၁၉ ကောင် စုစုပေါင်းနွား ၁၈၈၄ ကောင်ကို ဌာနမှ ထုတ်လုပ်သည့် FMD O Type ခွာနာလျှာနာရောဂါကာကွယ်ဆေး ငါးကြိမ်မြောက် ထပ်မံထိုးနှံပေး ခြင်း၊ လက်ရှိမွေးမြူထားသော နွိုစားနွားနှင့်ဒေသနွား အသက်တစ်လ နှင့် အထက်ကို ရာနှုန်းပြည့် FMD O Type ကာကွယ်ဆေး ထိုးနှံပေးခြင်း တို့ကို ဇွန် ၄ ရက်မှ ၇ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပခုက္ကူမြို့၌ တိုင်းရင်းဆေးကုထုံးနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ ဇွန် ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် စနစ်သစ်ပုထိုး တိုက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ဆရာတော်သံဃာတော် နှင့် သီလရှင်များအား ယနေ့နံနက်ပိုင်းက ခရိုင်တိုင်းရင်းဆေးပညာဦးစီး ဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အောင် ဦးဆောင်သော ဝန်ထမ်းများက ဆရာ တော်သံဃာတော်နှင့် သီလရှင် ၃၅ ပါးအား တိုင်းရင်းဆေးကုထုံးနည်း ဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်း၊ တိုင်းရင်းဆေးပညာဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို အခမဲ့ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



# သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ မိုးရာသီအကြို ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုး

နေပြည်တော် ဇွန် ၇

ပြည်ထဲရေးဝန်ကြီးဌာန သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးခြင်းကို ဇွန် ၆ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံသာရပ်ကွက် V-4 လမ်းဆုံအနီးရှိ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှူး ရုံးပိုင် မြေ ၁၀ ဧကတွင် ကျင်းပရာ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း ဦးဆောင်၍ သစ်တော လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၂) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်များမှ မိုးရာသီအကြို ရတနာတန်းဝင်ကျွန်းပင် ၃၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အောင်ကို (ပုဗ္ဗသီရိ)



ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ဇွန် ၆ ရက်က မြို့မ အားကစားဘောလုံးကွင်းနှင့် ကုန်းကျောင်းပရိယတ္တိစာသင်တိုက် အနီးတို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအနေဖြင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

❑ နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်း ဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ရောဝတီတိုင်းဒေသကြီးဥပဒေချုပ် ပုသိမ်ခရိုင်ရှေ့ပြေးဥပဒေရုံး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး



ပုသိမ် ဖွန် ၇

ရောဝတီတိုင်းဒေသကြီးအတွင်း စံပြနမူနာရှေ့ပြေးရုံးအဖြစ် ဆောင်ရွက်နေသည့် ပုသိမ်ခရိုင်ရှေ့ပြေးဥပဒေရုံး ဆောင်ရွက်ထားရှိမှုများကို ရောဝတီတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လွင်က ဖွန် ၅ ရက်တွင် ကြည့်ရှုစစ်ဆေးပြီး တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ပိုမိုကောင်းမွန်စေရန်၊ ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းများကို ဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်၍ ရှေ့ပြေးဥပဒေရုံး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ဘီးလင်းမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဖွန် ၅ ရက်က ကန်သာယာရပ်ကွက် အမက အင်းဝိုင်းကုန်းကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိခင်မှ ကလေးသို့ ခုခံကျကာလသားရောဂါကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ညောင်လေးပင် ဖွန် ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မိခင်မှကလေးသို့ ခုခံကျကာလသားရောဂါကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများကို ဖွန် ၆ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ခင်ပွန်းများအား သွေးဖောက်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ပုလောမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေး



ပုလော ဖွန် ၇

ပုလောမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသန်းထိုက်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေး၍ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသားကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ အေးအေးမော်(ပုလော)

## မော်လမြိုင်ကျွန်းမြို့နယ်၌ မှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်းဖွင့်



မော်လမြိုင်ကျွန်း ဖွန် ၇

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်းကို ဖွန် ၅ ရက်က ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက မှိုစိုက်ပျိုးထုတ်လုပ်ခြင်း၏ အကျိုးကျေးဇူးများ၊ မှိုမျိုးစေ့ပြင်ဆင်နည်း၊ မှိုစိုက်ပျိုးထုတ်လုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ သင်တန်းတွင် မှိုစိုက်ပျိုးထုတ်လုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးကြောင်း သိရသည်။ ရဲကိုမောင်(ပြန်/ဆက်)

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



ဟိုပုံး ဖွန် ၇

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခန်းမ၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ပအိုဝ်းဒေသ(ပြန်/ဆက်)

## တီးတိန်မြို့၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်




ဟားခါး ဖွန် ၇

ကျန်းမာရေးအဆင့်မြှင့်ကျောင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဖွန် ၅ ရက်က တီးတိန်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား ပြောကြားပြီး သင်တန်းတက်ရောက်လာကြသူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။ သင်တန်းကို ဖွန် ၅ ရက်မှ ၇ ရက်အထိ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



လပွတ္တာမြို့၌ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ဖွန် ၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



တပ်ကုန်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးပညာရပ်များ လေ့ကျင့်သင်ကြားခြင်း သင်တန်းဆင်းပွဲကို ဖွန် ၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ဈေးများဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သိန်း အမှာစကားပြောကြားစဉ်။ တင်စိုးလွင်(ပြန်/ဆက်)



မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက်၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနတို့ ဦးဆောင်၍ မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော သရုပ်ပြလေ့ကျင့်ခြင်းကို ဖွန် ၆ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးကျော်သူတို့က အမှာစကားပြောကြားစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်သူစိုက်ပျိုးသီးနှံများအတွက် တစ်ဧကအမြတ်ပိုရခြင်းနှင့် တစ်ဧကအထွက်တိုးမှု နှိုင်းယှဉ်ချက်များ

မောင်ပြေ (ဆင်ပေါင်ဝဲ)

**❖ စိုက်ပျိုးရေးဦးစီးဌာန၊ တက္ကသိုလ်၊ သိပ္ပံကျောင်းများ ရှိသော်လည်း အောက်ခြေမကောင်းသေးပါ။ ပညာရှင်က စာတွေ့သိသည်၊ တောင်သူက လက်တွေ့ဖြစ်ပေါ်နေမှုကို သိသည်။ သို့သော် နှစ်ဖက်မချိတ်ဆက်မိသေးပါ။ ဖြစ်နေသည့် ပြဿနာမှာ ဓာတ်ခွဲခန်းအသိက တောင်သူစိုက်ကွင်းထဲ ရောက်ရှိမှု အားနည်းနေသေးခြင်း၊ တောင်သူနားလည်လွယ်သော စကားနှင့် ရှင်းပြနိုင်မှု နည်းပါးနေသေးခြင်း၊ တောင်သူလက်တွေ့ စီးပွားရေးပညာသင်ကြားရမှု နည်းသေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သရုပ်ပြစိုက်ပျိုးပြသမှု နည်းနေသေးခြင်း၊ နည်းပညာအသစ် အသုံးပြုနေသည့် တောင်သူအခြေအနေအား စဉ်ဆက်မပြတ်ကြည့်ရှုမှု အားနည်းနေသေးခြင်း၊ တောင်သူတော်တော်များများက ဓာတုဆေး၊ မြေဩဇာကုမ္ပဏီ၊ ဆေးရောင်းသူပြောတာကိုသာ နားထောင်နေရခြင်း ရှိနေပါသေးသည်**

ယနေ့ခေတ် စိုက်ပျိုးရေး၌ စိုက်ဧရိယာတစ်ခုလျှင် အမြတ်ပိုတိုးလာခြင်းက စိုက်ဧရိယာ တစ်ခုလျှင် အထွက်နှုန်းပိုတိုးလာခြင်းထက် ပိုမိုအရေးကြီးသည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ သို့သော် အကောင်းဆုံး စိုက်ပျိုးရေးစနစ်မှာ “အမြတ်” နှင့် “အထွက်နှုန်း” နှစ်ခုလုံးကို မျှတစွာ ထိန်းထားနိုင်ခြင်း ဖြစ်ပါသည်။

**၁။ အထွက်နှင့် အမြတ်တို့၏ ကွာခြားချက်**

**ဧရိယာတစ်ခုလျှင် အထွက်နှုန်း ။** ဆိုလိုသည်မှာ မြေဧရိယာတစ်ခုမှ သီးနှံထွက်နှုန်း ပိုမိုရရှိခြင်း - ဥပမာ — စပါး တစ်ဧက တင်း ၇၀ မှ တင်း ၁၀၀ ထွက် (တင်း ၃၀ ပိုထွက်)။ နိုင်ငံတကာတွင်တော့ သီးနှံအထွက်ကို တန်/ဟက်တာ၊ ကီလိုဂရမ်/ဧက စသည်ဖြင့် တိုင်းထွာကြပါသည်။

**ဧရိယာတစ်ခုလျှင် ပိုမိုရရှိလာသောအမြတ် ။** ဆိုလိုသည်မှာ စိုက်ပျိုးကုန်ကျစရိတ်များကို နှတ်ပြီးနောက် ကျန်ရှိသော ဝင်ငွေအမြတ် ထွက်ချက်ပုံမှာ အမြတ် = စုစုပေါင်း၀င်ငွေ - စိုက်ပျိုးကုန်ကျစရိတ်။ တောင်သူတစ်ဦးက အထွက်နှုန်း အလွန်မြင့်မားစွာ ရရှိနိုင်သော်လည်း စိုက်ပျိုးကုန်ကျစရိတ် အလွန်များပါက အမြတ်နည်းနိုင်သည် သို့မဟုတ် အရှုံးတောင် ဖြစ်နိုင်ပါသည်။

**၂။ ဘာကြောင့် ဧရိယာအလိုက် အမြတ်က ပိုအရေးကြီးပါသနည်း**

**(က) တောင်သူများသည် ရေရှည်တွင် အထွက်များခြင်းဖြင့် မရှင်သန်နိုင်ဘဲ ရရှိသော အမြတ်များဖြင့်သာ ရှင်သန်နိုင်ပါသည်။** တောင်သူများ၏ အဓိကရည်ရွယ်ချက်မှာ မိသားစုဝင်ငွေတိုးတက်ရေး၊ လယ်ယာလုပ်ငန်း ရေရှည်တည်တံ့ရေး၊ ချေးငွေရှိပါက ပြန်ဆပ်နိုင်ရေး၊ လယ်ယာတွင် နောင်လာမည့် ရင်းနှီးမြှုပ်နှံမှု၊ လူနေမှုအဆင့်မြှင့်တင်ရေးကို အဓိကထားပါသည်။

ဥပမာ —

| လယ်ယာ | အထွက် | စိုက်ပျိုးကုန်ကျစရိတ် | ရောင်းရငွေ | အသားတင်အမြတ် |
|---|---|---|---|---|
| အကွက်-(က) | ၁၀ တင်း | ကျပ် ၂၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ | ကျပ် ၅၀၀၀၀ |
| အကွက်-(ခ) | ၈ တင်း | ကျပ် ၁၂၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ | ကျပ် ၁၈၀,၀၀၀ |

အကွက် (က)သည် အထွက်နှုန်း ပိုများသော်လည်း အကွက် (ခ) က အမြတ်ပိုများသည်။ ထို့ကြောင့် အထွက်နှုန်းများခြင်းက အောင်မြင်သော စိုက်ပျိုးရေးဟု အမြဲမဆိုလိုပါ။

**(ခ) အထွက်နှုန်းမြင့်ရန် သွင်းအားစုများစွာ လိုအပ်တတ်သည်။** အထွက်နှုန်း အများဆုံးရရန် တောင်သူများက ဥပမာ - ဓာတ်မြေဩဇာ ပိုသုံးရခြင်း၊ ရေသွင်းစနစ် ပိုအသုံးပြုရခြင်း၊ ပိုးသတ်ဆေးပိုသုံးရခြင်း၊ စေ့ကြီးသော စပ်မျိုး/ဇီဇပြောင်းမျိုး မျိုးစေ့များ အသုံးပြုရခြင်း၊ စက်ယန္တရားကုန်ကျစရိတ် မြင့်ခြင်း၊ အလုပ်သမားခ ပိုတက်ခြင်း စသည်တို့ ဖြစ်လာနိုင်ပါသည်။ ယင်းတို့ကြောင့် စိုက်ပျိုးစရိတ် မြင့်တက်လာသည်။ စီးပွားရေးအန္တရာယ် ပိုများလာသည် ။ တစ်ခါတစ်ရံ ထပ်တိုးရရှိသော အထွက်နှုန်းက ထပ်တိုးကုန်ကျစရိတ်နှင့် မတန်တော့ပါ။ ဤသဘောတရားကို စီးပွားရေးအရ အကျိုးအမြတ် ပြန်ရချက် ယုတ်လျော့ခြင်း (သို့) လျော့ကျခြင်း “Diminishing Economic Return” ဟု ခေါ်ပါသည်။

**(ဂ) ဈေးကွက်ပေါက်ဈေးက တကယ့်ဝင်ငွေကို ဆုံးဖြတ်သည်။** အထွက်နှုန်းမြင့်နေသော်လည်း ထွက်ရှိသည့်အချိန်တွင် သီးနှံဈေးနှုန်း ကျနိုင်သည်၊ ထုတ်လုပ်မှုလွန်ကဲခြင်း ဖြစ်နိုင်သည်၊ ကုန်ကျစရိတ် ချက်ချင်း ပြန်မရနိုင်ခြင်း ဖြစ်နိုင်ပါသည်။ ဥပမာ — ခရမ်းချဉ်သီး ထွက်နှုန်း အလွန်ကောင်းသော်လည်း ဈေးကွက်တွင် ခရမ်းချဉ်သီးများ (ပစ္စည်းများ) လွန်း၍ ဈေးကျသွားနိုင်သည်။ တောင်သူများအချို့ပေါ်နိုင်သည်။ ထိုအချိန်တွင် ကုစားရန် နည်းလမ်းမှာ ခရမ်းချဉ်သီး ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ပေးခြင်းဖြစ်ပါသည်။ ဥပမာ-ခရမ်းချဉ်သီးဖျော်ရည် (Tomato Juice)၊ ခရမ်းချဉ်သီးအနှစ် (Tomato sauce)၊ ခရမ်းချဉ်သီးယို (Tomato Jam/Puree)၊ ခရမ်းချဉ်သီးစည်သွတ်ဘူး (Canned Tomato)၊ ခရမ်းချဉ်သီး သနပ်/ကုလားတည်(Tomato Chutneys/Pickles) စသည်တို့ ဖြစ်ပါသည်။ နိုင်ငံတကာတွင် ဤစက်မှုလုပ်ငန်းများကို လုပ်ကွက်ငယ်တောင်သူများက မဆောင်ရွက်ဘဲ အစိုးရ၏ ကြီးကြပ်၊ ပံ့ပိုးပေးမှုဖြင့် ကုန်သည်ကြီးများ၊ ကုမ္ပဏီများက ခရမ်းချဉ်သီး စိုက်ခင်းများ အနီးတွင် စက်ရုံတည်ထောင် ဆောင်ရွက်လေ့ရှိပါသည်။ ထို့ကြောင့် အမြတ်သည် အထွက်တစ်ခုတည်းပေါ် မူတည်ခြင်း မဟုတ်ဘဲ ဈေးကွက်စီးပွားရေးအပေါ်တွင်လည်း မူတည်ပါသည်။

**၃။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်ခြင်း**

ယနေ့ခေတ် စိုက်ပျိုးရေးတွင် အရေးကြီးလာသောအချက်များမှာ ရေအသုံးချမှု ထိရောက်မှု၊ အာဟာရဓာတ်အသုံးချမှု ထိရောက်မှု၊ စွမ်းအင်အသုံးချမှု ထိရောက်မှု၊ ကာဗွန်အသုံးချမှုစွမ်းရည်၊ ပတ်ဝန်းကျင် ရေရှည်သန့်ရှင်းစေမှု စသည်တို့ ဖြစ်ပါသည်။ အထွက် အနည်းငယ်လျော့နည်းသော်လည်း ကုန်ကျစရိတ်သက်သာပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှုန်းကာ ရရှိသော အမြတ်တည်ငြိမ်သော စနစ်က ပိုကောင်းနိုင်ပါသည်။

**၄။ ကမ္ဘာ့စိုက်ပျိုးရေးမှ ဥပမာများ**

**(၄-က) အာရှနိုင်ငံများ၏ စပါးစိုက်ပျိုးရေး။** အာရှတိုက်မှ စပါးတောင်သူအချို့က ယူရီးယား ဓာတ်မြေဩဇာ လျော့သုံးခြင်း၊ သဘာဝမြေဩဇာကိုပိုသုံးခြင်း၊ ဓာတုဆေး၊ ပိုးသတ်ဆေးများ လျော့သုံးလာခြင်း၊ စပါးခင်း အစိုတစ်လှည့် အခြောက်တစ်လှည့်ဖြင့် ရေသွင်းမှု လျော့ချခြင်းတို့ ပြုလုပ်လာကြပါသည်။ အထွက်အနည်းငယ်လျော့နိုင်သော်လည်း စရိတ်များစွာ သက်သာလာပြီး အသားတင်အမြတ် ပိုတက်လာပါသည်။ ဥပမာ - မိမိစိုက်ခင်းအတွင်း သဘာဝမြေဩဇာနွားချေး၊ ကျဲချေးမြေဩဇာများကို ပိုသုံးမည်ဆိုလျှင် နိုင်းကျဲ၊ နိုင်းနွားများ၊ တစ်ပိုင်တစ်နိုင် နို့စားနွားများ ပိုမိုမွေးမြူပေးခြင်း၊ ထိုစားမြုံပြန်တိရစ္ဆာန်များအတွက် စားကျက်ပဲများစိုက်ပျိုးပေးခြင်း၊ ထိုသို့ တောင်သူများကို အားပေးရန် နိုင်ငံတော်အစိုးရ၊ သမဝါယမအသင်းများက အားပေးကူညီခြင်း စသည်စုပေါင်းစိုက်ပျိုး၊ မွေးမြူရေးစနစ်ဖြင့် တောင်သူများ ဝင်ငွေလည်းပိုရ၊ မြေဆီလွှာအာဟာရဓာတ်များလည်း သဘာဝအလျောက်များပြားလာကာ မြေဆီညီဩဇာထက်သန်လာပါလိမ့်မည်။

**(၄-ခ) အော်ဂဲနစ်စိုက်ပျိုးရေး**

အော်ဂဲနစ်စိုက်ပျိုးရေးတွင် အထွက်နှုန်းက ပုံမှန်စိုက်ပျိုးနည်းထက် နည်းနိုင်သော်လည်း အော်ဂဲနစ်ထုတ်ကုန်များ ဈေးကောင်းရခြင်း၊ သွင်းအားစုကုန်ကျစရိတ်လျော့နည်းခြင်းတို့ကြောင့် တောင်သူများ အမြတ်ပိုများနိုင်ပါသည်။

**၅။ အထွက်နှုန်းမြင့်ခြင်းလည်း အရေးကြီးသည့် အခြေအနေများ**

အစားအစာရှားပါးမှု၊ လူဦးရေတိုးပွားမှု၊ စိုက်ပျိုးမြေကန့်သတ်မှု၊ အစားအစာလုံခြုံရေးအန္တရာယ်စသည့် အချက်များကြောင့် အထွက်နှုန်းမြင့်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံများအတွက် ထုတ်လုပ်မှုမြင့်ခြင်း၊ အထွက်ကောင်းမျိုးများသုံးစွဲပေးခြင်း၊ လယ်ယာမြေစီမံခန့်ခွဲမှု ကောင်းမွန်စေခြင်းတို့ လိုအပ်နေဆဲဖြစ်သည်။

**၆။ အကောင်းဆုံး ရည်မှန်းချက်**

ယနေ့ခေတ် စိုက်ပျိုးရေး၏ အကောင်းဆုံးရည်မှန်းချက်မှာ ရေရှည်တည်တံ့ပြီး အမြတ်ရသော အထွက်နှုန်းဖြစ်ပါသည်။ ဆိုလိုသည်မှာ အထွက်အများဆုံး မဟုတ်ဘဲ စီးပွားရေးအရ တွက်ခြေအကိုက်ဆုံး၊ အကောင်းဆုံး ဖြစ်ရပါမည်။

**(အေအိုင်- အကြံပြုချက်ဖြစ်ပါသည်)** ဟုဆိုပြီး စိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်သည့် ဒေါ်ဦးလေး (Thar Thar Po Po) ၏ လူမှုကွန်ရက်တွင် မြန်မာနိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း “တောင်သူများစွာ အလုပ်ကြိုးစားနေသော်လည်း ဘာကြောင့် မပြေလည်နိုင်ကြသလဲ” ဆိုပြီး ဆွေးနွေးထားပါသည်။ မြန်မာနိုင်ငံ၌ “တောင်သူများစွာ အလုပ်ကြိုးစားနေသော်လည်း ချမ်းသာမလာနိုင်ခြင်း” မှာ တကယ်တော့ ပညာမရှိလို့ တစ်ခုတည်း မဟုတ်ပါ။ စနစ်တစ်ခုလုံးမှာ အခက်အခဲများ ရှိနေပါသည်။

အဓိကအကြောင်းရင်းများကို အုပ်စုလိုက်ကြည့်လျှင်—

**၁။ “ထုတ်လုပ်မှု” ကိုသာ အာရုံစိုက်ပြီး “စီးပွားရေး” မတွက်တတ်ခြင်း။** တောင်သူအများစုက ဘယ်သီးနှံက ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက်ကောင်းသလဲ၊ အနာဂတ်ဈေးကွက် တောင်းဆိုချက် ဘယ်လောက်ရှိသလဲ၊ ထုတ်လုပ်မှုစရိတ် ဘယ်လောက်တက်နေပြီလဲ၊ တစ်ဆစ်ချိုးပြောင်းလဲနိုင်သောအချက် ဘယ်မှာလဲ ဆိုတာထက် “နှစ်တိုင်း ဒီလိုပဲ၊ ဒီသီးနှံပဲ စိုက်လာတာ” ဆိုကာ ဆက်လုပ်နေကြတာ များပါသည်။

ဥပမာ— အထွက်တိုးသော်လည်း ဈေးကျသွားလျှင် အမြတ်မရှိ၊ သွင်းအားစု ကုန်ကျစရိတ်တက်သော်လည်း ရောင်းဈေးမတက်၊ ချေးငွေအတိုးက အမြတ်ကို စားသွားသည်။ ထို့ကြောင့် “စိုက်ပျိုးရေး” လုပ်နေသော်လည်း စနစ်တကျ စိုက်ပျိုးစီးပွားရေး၊ စိုက်ပျိုးလယ်ယာထွက်ကုန် ကူးသန်းရောင်းဝယ်ရေး မဖြစ်သေးပါ။

**၂။ တောင်သူပညာပေးစနစ် အားနည်းခြင်း ။** စိုက်ပျိုးရေးဦးစီးဌာန၊ တက္ကသိုလ်၊ သိပ္ပံကျောင်းများ ရှိသော်လည်း အောက်ခြေမကောင်းသေးပါ။ ပညာရှင်က စာတွေ့သိသည်၊ တောင်သူက လက်တွေ့ဖြစ်ပေါ်နေမှုကို သိသည်။ သို့သော် နှစ်ဖက်မချိတ်ဆက်မိသေးပါ။ ဖြစ်နေသည့် ပြဿနာမှာ ဓာတ်ခွဲခန်းအသိက တောင်သူစိုက်ကွင်းထဲ ရောက်ရှိမှု အားနည်းနေသေးခြင်း၊ တောင်သူနားလည်လွယ်သော စကားနှင့် ရှင်းပြနိုင်မှု နည်းပါးနေသေးခြင်း၊ တောင်သူလက်တွေ့ စီးပွားရေးပညာသင်ကြားရမှု နည်းသေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သရုပ်ပြစိုက်ပျိုးပြသမှု နည်းနေသေးခြင်း၊ နည်းပညာအသစ် အသုံးပြုနေသည့် တောင်သူအခြေအနေအား စဉ်ဆက်မပြတ်ကြည့်ရှုမှု အားနည်းနေသေးခြင်း၊ တောင်သူတော်တော်များများက ဓာတုဆေး၊ မြေဩဇာကုမ္ပဏီ၊ ဆေးရောင်းသူပြောတာကိုသာ နားထောင်နေရခြင်း ရှိနေပါသေးသည်။

**၃။ သွင်းအားစုစရိတ်မြင့်ပြီး အထွက်သီးနှံရောင်းချရမှု မတည်ငြိမ်နေသေးခြင်း။** တောင်သူက ဈေးကို ဖန်တီးသူ မဟုတ်သေးဘဲ ပေါက်ဈေးအတိုင်း လက်ခံရသူ ဖြစ်နေပါသည်။ ဥပမာ - တောင်သူက သွင်းအားစုဈေးထိန်းမရခြင်း၊ ဓာတ်မြေဩဇာဈေး၊ ဓာတုဆေးဈေး၊ စက်သုံးဆီဈေး၊ အလုပ်သမားခ၊ သယ်ယူပို့ဆောင်စရိတ်များပြားခြင်း စသည်တို့ ဖြစ်ပါသည်။ သို့သော် သီးနှံရောင်းသည့်အချိန်တွင် ကြားပွဲစားအပေါ် မူတည်နေသေးသည်။ ပြည်ပပို့ကုန်မူဝါဒ ကိစ္စများ၊ နောက်ဆုံးဖြစ်သော ဈေးကွက်သတင်း မရသေးသည့် အဆုံးတွင် စွန့်စားရမှုကို တောင်သူတစ်ဦးတည်း ခံနေရဆဲ ဖြစ်နေပါသည်။

**၄။ တန်ဖိုးမြင့်ထုတ်ကုန်များ နည်းနေသေးခြင်း ။** မြန်မာ့စိုက်ပျိုးရေးထွက်ကုန်အများစုက ကုန်ကြမ်းရောင်းစီးပွားရေးစနစ် ဖြစ်နေပါသေးသည်။

စာမျက်နှာ ၁၅ သို့

*စာမျက်နှာ ၁၄ မှ*

ဥပမာ- နမ်း၊ မြေပဲ - လူတိုင်း ယုံကြည်ထားသော နမ်းဆီ၊ မြေပဲဆီစစ်စစ်တဆိပ်များ နည်းပါးနေသေးခြင်း၊ ဆန်ဆိုလျှင် နိုင်ငံတကာ ဈေးကွက် နာမည်ကြီး ဘာစမာတီ (Basmati Rice)၊ စပယ်ပန်းဆန် (Jasmine Rice) ကဲ့သို့ အကောင်းစားတဆိပ် ထုပ်ပိုးမှုနည်းနေသေးခြင်း၊ ပြောင်းဖူး၊ ပဲပုပ်ဆီကြိတ်ဖတ်များကို မိမိနိုင်ငံမွေးမြူရေးကဏ္ဍတွင် အသုံးနည်းနေသေးခြင်း၊ သစ်သီးများကို ဖျော်ရည်၊ ပိုင်စသည့် ပြောင်းလဲပေးသော စက်မှုလုပ်ငန်းများ၊ နွားနို့လုပ်ငန်း အားနည်းနေ၍ တန်ဖိုးပြောင်းလဲမှု၏ အမြတ်ကြီးပိုင်းကို အခြားနိုင်ငံများ ရသွားခြင်း၊ ဥပမာ - မိမိနိုင်ငံက စပျစ်၊ ပန်းသီး၊ လိမ္မော်သီးများ ထွက်နေသော်လည်း စပျစ်၊ ပန်းသီး၊ လိမ္မော်ဖျော်ရည်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးကြီးပေးဝယ်နေရသေးသည်။ (တဖြည်းဖြည်းတော့ အရည်အသွေးမြင့် နိုင်ငံခြားအစားထိုး ပြည်တွင်းထုတ်ကုန်များ များပြားလာပါပြီ။ စာရေးသူ)

**၅။ စက်မှုလယ်ယာနှင့် နည်းပညာကွာခြားမှု ရှိနေသေးခြင်း။** လယ်ယာလုပ်သားရှားလာခြင်း၊ ကျေးလက်လူငယ်အချို့ နိုင်ငံခြားထွက်ကြသေးခြင်း၊ နိုင်ငံတကာကဲ့သို့ တိကျသောစိုက်ပျိုးရေးစနစ်အသုံးပြမှု မရှိသေးခြင်း၊ တိကျသော၊ ခေတ်မီရေသွင်းစနစ် နည်းပါးနေသေးခြင်း၊ စိုက်ပျိုးရေးသုံး ဒရုန်းနည်းပညာအသုံးပြမှု အားနည်းသေးခြင်း၊ တောင်သူများ လက်ရှိစိုက်ပျိုးနေသော မြေဆီလွှာ စစ်ဆေးမှုစနစ် အားနည်းနေသေးခြင်း၊ အချက်အလက်ကို အခြေပြုသော စိုက်ပျိုးကွင်းများနည်းပါးနေ၍ စိုက်ပျိုးရေးအလုပ်က ပင်ပန်းပြီး အမြတ်ရမှုနယ်နိမိတ်က အားနည်းနေပါသေးသည်။

**၆။ တောင်သူအများစု လယ်ယာအကွက်ငယ်များ - ဧကသေးငယ်နေသေးခြင်း။** လက်တွေ့တွင် ကျေးလက်ဒေသ တောင်သူပိုင် လယ်ယာမြေများ အကွက်ငယ်ကလေးတွေများနေခြင်း အကျိုးဆက်က စက်မှုလယ်ယာအသုံးစရိတ်ဈေးကြီး၊ ထုတ်ကုန်များပြားစွာ ရောင်းချမှုနည်းပါးနေသေးခြင်း၊ ဈေးဆစ်နိုင်မှုနည်းသေးခြင်း၊ ကန်ထရိုက်စိုက်ပျိုးစနစ် အားနည်းနေ၍ တောင်သူတစ်ဦးချင်းစီက သမားရိုးကျ၊ မိရိုးဖလာ အသက်ရှင်နိုင်အောင် စိုက်ပျိုးနေသေးသည့်စနစ် ဖြစ်နေပါသေးသည်။

**၇။ စိုက်ပျိုးရေးပညာကို သိပ္ပံအနေဖြင့်သာသင်ပြီး စီးပွားရေးရွှေထောင့်အနေဖြင့် သင်ပေးမှုအားနည်းနေသေးခြင်း။** တက္ကသိုလ်များတွင် အပင်ရောဂါဗေဒ (Plant pathology)၊ ကိမိလဗေဒ (Entomology)၊ လယ်ယာသီးနှံ (Agronomy)၊ မြေဆီလွှာသိပ္ပံ (Soil Science) စသည့် ဘာသာများကို သိပ္ပံပညာအနေဖြင့် သင်ပေးနေပါသည်။သို့သော် တကယ်လိုနေသည်မှာ စိုက်ပျိုးရေးထုတ်ကုန်ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာမြေစီမံခန့်ခွဲမှု၊ ဈေးကွက်ပညာ၊ ပြည်တွင်း၊ ပြည်ပဆက်သွယ်နည်းပညာများ၊ တောင်သူစိတ်ပညာ၊ သီးနှံထုတ်ကုန်ပြောင်းလဲမှုကွင်းဆက်၊ ဒီဂျစ်တယ်စိုက်ပျိုးရေးပညာစသည့် ခေတ်မီစိုက်ပျိုးနည်းပညာကျွမ်းကျင်မှုများဖြစ်ပါသည်။ စိုက်ပျိုးရေးပညာရှင်ပြောသည့် ဥာဏ်ရည်တု၏ မေးခွန်းများ၊ အချက်အလက်များဖြစ်ပါသည်။ (ဖြေရှင်းချက် (Solutions) များလည်း ပေးထားပါသည် ။ နောက်ဆောင်းပါးတွင် ဖော်ပြပါမည်။)

**စာရေးသူ၏ အတွေး**

ခေတ်မီနည်းပညာများသာမဟုတ်၊ လက်တွေ့ ဈေးကွက်စီးပွားရေးပညာ၊ စိုက်ပျိုးစီးပွားရေးပညာကို ကျေးလက်လူထုအားလုံး သိလာလျှင် အကျိုးရှိလာပါမည်လား။

ဆန်စပါးကတော့ အမျိုးသားအဆင့် အဓိကသီးနှံဖြစ်၍ သတိထားကိုင်တွယ်ရမည်ဖြစ်သော်လည်း ကျန်ဝင်ငွေရလွယ်သီးနှံများကို တောင်သူလည်း စိတ်ချမ်းသာ၊ အဖြတ်လည်းရ၊ အကြွေးသံသရာမှ လွတ်မြောက် **"မြားဆိပ်မှန်လဲနေတဲ့ သုဝဏ္ဏသာမ၊ သားရွေအိုးထမ်းတာကိုမြင်ချင်တယ်"** ဆိုသည့် မျက်မမြင်မိဘများ ဆုတောင်းသလို **တစ်ချက်ခုတ် သုံးချက်ပြတ် ပြည်နယ်နှင့်တိုင်းဒေသကြီး လယ်ယာမြေအချို့၌ စမ်းသပ်စီမံချက် "တစ်ဧက အထွက်တိုးစနစ်မှ တစ်ဧက အဖြတ်ပိုရစနစ်"** ပြောင်းကြည့်ကြရင်ကော။

# ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ သြဂုတ်လ အတွင်း (မိုးလယ်ကာလ)တွင်တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရောက်ခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြုံတွေ့သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြွံခိုင်မှုကိုစစ်ဆေးပါ။

(ခ) မီးသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မီးသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ။

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို ပျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြိုးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

(ဃ) မီးသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မီးသားစုဝင်တိုင်းယူဆောင်ထားပါ။

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။

(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်၊

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) အခိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ။

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနှံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြိုးနိုင်

**နေပြည်တော် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/၈လ**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}


မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရုစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Indefinite Pronouns (မတိကျသောနာမ်စား)အကြောင်း ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒုံအပြင် စကားပြောခန်းမှာလည်း Shortest way to talk about illness and medicine–II (ကျန်းမာရေးအခြေအနေ၊ ဆေးခန်းသွားခြင်းနဲ့ ရောဂါလက္ခဏာတွေနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Exercise (1) မှ အဖြေများ**

1. one 2. ten 3. a 4. third
5. one 6. one 7. one 8. ones
9. second 10. the ones

**Indefinite Pronouns (မတိကျသောနာမ်စား)**

လူပုဂ္ဂိုလ်များနှင့် အရာဝတ္ထုများကို တိတိကျကျမဟုတ်ဘဲ ယေဘုယျသဘောရည်ညွှန်းတဲ့ နာမ်စားတွေကို Indefinite Pronouns (မတိကျသောနာမ်စား)များဟု ခေါ်သည်။ Indefinite Pronouns (မတိကျသောနာမ်စား)များသည် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို ခွဲခွဲခြားခြား ကိုယ်စားမပြုပါ။ အောက်မှာ Indefinite Pronouns (မတိကျသောနာမ်စား)များကို ဖော်ပြပေးလိုက်ပါတယ်။

| | | |
|---|---|---|
| Any | = | တစ်စုံတစ်ခု |
| Some | = | အချို့ |
| None | = | ဘာမျှမရှိ |
| All | = | အားလုံး |
| A few | = | အနည်းငယ် |
| A little | = | အနည်းငယ် |
| Many | = | အမြောက်အမြား |
| Much | = | အများအပြား |
| Another | = | အခြားတစ်ခု |
| Others | = | အခြားအရာများ |
| One, anyone | = | တစ်ခုခု၊ မည်သူမဆို |
| Someone | = | တစ်စုံတစ်ယောက် |
| Everyone | = | လူတိုင်း၊ အရာတိုင်း |
| Anyone | = | တစ်စုံတစ်ယောက်၊ မည်သူမဆို၊ တစ်ယောက်ယောက် |
| Anybody | = | မည်သူမဆို |
| Somebody | = | တစ်စုံတစ်ယောက် |
| Everybody | = | လူတိုင်း |
| Nobody | = | မည်သူမျှ |
| No one | = | မည်သူမျှ |
| Anything | = | ဘာမဆို၊ ဘာဖြစ်ဖြစ် |
| Something | = | တစ်စုံတစ်ခု |
| Everything | = | အရာတိုင်း |
| Nothing | = | ဘာမျှမရှိ |
| Anywhere | = | ဘယ်နေရာမဆို |
| Others | = | အခြားပုဂ္ဂိုလ်များ |

- All were gone. No one was left.
- Many were injured; only a few escaped unhurt.
- I do not like this watch. Show me another.
- Take this one. Leave the others.
- I have some sugar. Do you want any?
- One must not boast of one's success.
- He has eaten everything. Nothing is left.
- Every one of you will get a present.
- Everybody is learning English. What about you?

**မှတ်ဖွယ်မှတ်ရာ**

➢ လူပုဂ္ဂိုလ်များကို တိတိကျကျမဟုတ်ဘဲ ယေဘုယျသဘော ရည်ညွှန်းရင် →**–body** သို့မဟုတ် **–one**

➢ အရာဝတ္ထုများကို တိတိကျကျမဟုတ်ဘဲ ယေဘုယျသဘော ရည်ညွှန်းရင် →**–thing** ဆိုပြီး မှတ်သားနိုင်ပါတယ်။

၁။ Indefinite Pronouns (မတိကျသောနာမ်စား)များရဲ့နောက်မှာ Verb အနည်းပဲလိုက်သည်။ ဥပမာ–

- **Everybody loves** Yin Yin.
- **Everything was** ready for the meeting.

၂။ Indefinite Pronouns (မတိကျသော နာမ်စား)များကို ပြန်ပြီး ရည်ညွှန်းပြောဆိုလိုပါက အများနာမ်စား (plural pronoun)ကို သုံးရမည်။ ဥပမာ –

- **Everybody** enjoyed the magic concert. **They** stood up and clapped.
- I will tell **somebody** that lunch is ready. **They** have been waiting a long time.

၃။ အငြင်းသဘောဖော်ပြလိုသော ဝါကျ(ပိုင်း)များတွင် no– နှင့်စသော နာမ်စား (pronouns)များကို သုံးရမည်။

any– နှင့်စသော နာမ်စား (pronouns) များကို မသုံးရ။ ဥပမာ–

- **Nobody** swam. (**NOT ~~Anybody didn't swim~~.**)

၄။ Nobody ၊ No one နှင့် Nothing တို့ပါသော ဝါကျ(ပိုင်း)တွင် နောက်ထပ်အငြင်းပုံစံ ထပ်မသုံးရပါ။ ဥပမာ–

- **Nobody** swam. (**NOT ~~Nobody didn't swim~~.**)
- **Nothing** happened. (**NOT ~~Nothing didn't happen~~.**)

၅။ Indefinite Pronouns (မတိကျသော နာမ်စား)များကို ပိုင်ဆိုင်မှု (possessive) ပြုလုပ်လိုပါက 's ပေါင်းထည့်နိုင်သည်။ ဥပမာ–

- They were staying in **somebody's** house.
- Is this **anybody's** coat?

၆။ တခြားလူပုဂ္ဂိုလ် သို့မဟုတ် တခြားအရာဝတ္ထုများကို ရည်ညွှန်းလိုပါက Indefinite Pronouns (မတိကျသော နာမ်စား)များနောက်တွင် else ထည့်ပြီးအသုံးပြုနိုင်သည်။ ဥပမာ–

- All the family came, but **no one else**.
- If Win Win can't come, we'll ask **somebody else**.
- I think this is **somebody else's** coat.

၇။ any၊ anyone၊ anybody၊ anything တို့ကို အမေးဝါကျများနှင့် အငြင်းဝါကျများတွင် အသုံးပြုကြသည်။ Some၊ Someone၊ Somebody၊ Something တို့ကို ရိုးရိုး(အဆို)ဝါကျများတွင် အသုံးပြုသည်။ ဥပမာ–

- I don't have **any** money. Do you have **any**?
- She has **some** money. She will lend us **some**.
- Is there **anyone** in this house? I do not see **anyone/anybody.**
- **Someone/Somebody** wants to see you.
- Is there **anything** I can do for you?
- I do not want **anything**. **Everything** is all right.
- Please say **something**. **Something** is better than nothing.
- **Anyone** may go.
- **Anybody** may try it.
- **Anything** will do.

## VOCABULARY ENRICHMENT PROGRAMME

1. **a close shave = (အန္တရာယ်မှ ကပ်လွတ်သွားခြင်း)**
   **The accident was a close shave.**
   အဲဒီမတော်တဆမှုက အန္တရာယ်အလွန်များပေမယ့် ကံကောင်းပြီး ကပ်လွတ်ခဲ့တယ်။
2. **a cold fish = (စိတ်မဖော်ရွေသူ)**
   **He's a cold fish and rarely smiles.**
   သူကမဖော်ရွေတဲ့သူတစ်ယောက်ဖြစ်ပြီး ပြုံးပြခဲတယ်။
3. **a far cry from = (အလွန်ကွာခြားသော)**
   **This hotel is a far cry from the one we stayed in last year.**
   ဒီဟိုတယ်က အရင်နှစ်က ငါတို့နေခဲ့တဲ့ ဟိုတယ်နဲ့ အလွန်ကွာခြားတယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Shortest way to talk about illness and medicine–2 (ကျန်းမာရေးအခြေအနေ၊ ဆေးခန်းသွားခြင်းနဲ့ ရောဂါလက္ခဏာတွေနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)**

*I'm going to …*
*You should …*
*Take one …*
*Don't take …*
*There's …*
*Make sure you …*

၁။ မကြာခဏမှာ တစ်ခုခုလုပ်တော့မယ်၊ ဖြစ်တော့မယ်ဆိုရင် **I'm going to …** နဲ့ သုံးပါတယ်။ ဒီနေရာမှာ ဆရာဝန်က ဘာဆေးသောက်ရမလဲဆိုပြီး ညွှန်ပေးတော့မယ်လို့ပြောတဲ့အခါ ဒီလို အသုံးမျိုး သုံးသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ–

- I'm going to prescribe you some painkillers.

၂။ အကြံပေးတဲ့သဘော ပြောချင်တဲ့အခါမှာတော့ **you should …** နဲ့ပြောလေ့ရှိပါတယ်။ သူ့နောက်မှာတော့ **V – Infinitive** လိုက်ပေးရပါတယ်။ ဥပမာ–

- You should stop eating fast food.
- You should go for walk more often.

၃။ ညွှန်ကြားတဲ့သဘော၊ လုပ်ခိုင်းတဲ့သဘောမျိုးနဲ့ ဆိုရင်တော့ အထူးသဖြင့် ဒီနေရာမှာ ဒါကို သောက်လိုက်ဆိုတဲ့သဘောမျိုး ဆရာဝန်ကပြောချင်တဲ့အခါမှာ **take one …** ကို သုံးပါတယ်။ ဥပမာ–

- Take one as soon as you feel your headaches starting.
- Take a second one.

**ဘာသာစကားရှုထောင့်**

မသောက်နဲ့ဆိုတဲ့ သဘောမျိုးသုံးချင်ရင်တော့ **don't take … ဆိုပြီး သုံးနိုင်ပါတယ်။** ဥပမာ–

- Don't take more than two pills in four hours.
- Don't drink alcohol.
- Don't take any other anti–inflammatories while your'e taking these.

၄။ အဲဒီမှာ တစ်ခုခုရှိတယ်ဆိုပြီး နေရာကို ဖော်ပြချင်ရင် ပြောချင်ရင်တော့ **There's …** ကို သုံးနိုင်ပါတယ်။ ဒီနေရာမှာတော့ **There's …** က ရှိတယ်ဆိုတဲ့သဘောပါပဲ။ အောက်ကဝါကျမှာတော့ အဲဒီမှာ ဆေးဆိုင်ရှိတယ်ဆိုပြီး ပြောတဲ့ပုံစံမျိုးကို ဖော်ပြထားပါတယ်။ ဥပမာ–

- There's a pharmacy in the supermarket around the corner.

**မှတ်ချက်/ ဆေးဆိုင်ကို pharmacy လို့ခေါ်သလို chemist's လို့လည်း ခေါ်ပါတယ်။**

၅။ လုပ်ဖို့ကျိန်းသေပါစေ။ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ သဘောမျိုး အကြံပြုပြောကြားတဲ့အခါမှာတော့ **make sure…ဆိုတဲ့အသုံးမျိုး သုံးနိုင်ပါတယ်။** ဥပမာ–

- You should also make sure you get enough sleep, stay hydrated, and avoid stress if possible.

**Conversation**

**At a clinic**

**Doctor:** Are you taking any medication currently?
**Patient:** No, nothing.
**Doctor:** Any allergies?
**Patient:** No.
**Doctor:** **I'm going to** prescribe you some painkillers. **Take one** as soon as you feel your headaches starting. If you're still in pain after an hour, **take a second one**. **Don't take** more than two pills in four hours, or more than six pills in a 24–hour period.
**Patient:** OK.
**Patient:** Also, **don't drink** alcohol or take any other anti–inflammatories while you're taking these.
**Patient:** Can't you do some more tests? What if it's something more serious?
**Doctor:** If your're still having the same problem in two weeks, then we'll need to investigate further. These things often clear up by themselves. **You should** also **make sure you get** enough sleep, stay hydrated, and avoid stress if possible.
**Patient:** Do I have to pay for the prescription?
**Doctor:** You pay a seven–pound prescription fee. I'm giving you enough pills to last four weeks, so you should have enough.
**Patient:** Can I take it to any chemist's?
**Doctor:** Yes, of course. **There's** a pharmacy in the supermarket around the corner. You can get your medicine there.
**Patient:** I'll do that. Thank you.

# ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းဗလား ရုရှားတင်းနစ်မယ် အန်ဒရေဇာ ပထမဆုံးအကြိမ် ဆွတ်ခူး

**ရုရှားထိပ်တန်းတင်းနစ်မယ် မေရာအန်ဒရေဇာသည် ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ် မာယာခဇာလိန်းရှိကာကို ၆-၃၊ ၆-၂ ရလဒ်ဖြင့် အနိုင်ယူပြီး ပထမဆုံးဂရင်းဆလမ်းဆုဗလားကို ဆွတ်ခူးနိုင်ခဲ့ဖြို ဖြစ်သည်။**



ထို့ကြောင့် အန်ဒရေဇာသည် ၂၀၂၀ ပြည့်နှစ်က အီဂါဆွီယာတက်ခ်နောက်ပိုင်း ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဗလားဆွတ်ခူးနိုင်သည့် ပထမဆုံး ဆယ်ကျော်သက်တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ၁၉၉၂ ခုနှစ်တွင် မိနီကာဆဲလက်စ်ပြီးနောက် ပြင်သစ်အိုးပင်းဗလားကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံးတင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အန်ဒရေဇာသည် ခဇာလိန်းရှိကာကို အနိုင်ယူရန် အချိန်တစ်နာရီနှင့် ၂၂ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရကြောင်း သိရသည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် တိုက်ချဲမန်း၊ ဆာစတီယာ၊ ကော့ကျူခ်နှင့် ခဇာလိန်းရှိကာတို့ကို အဆင့်ဆင့်ဖြတ်ကျော်ကာ ပြင်သစ်အိုးပင်းဗလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ဖြို ဖြစ်သည်။

ပြိုင်ဘက်ခဇာလိန်းရှိကာသည် ဆက္ကရီ၊ ပါရီ၊ ကာလင်စကာယာ၊ ရှုနိုက်ဒါတို့ကို အသီးသီး ကျော်ဖြတ်နိုင်ခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲတွင် အန်ဒရေဇာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗလားဆွတ်ခူးခွင့် လွဲချော်ခဲ့ရခြင်း ဖြစ်သည်။

အန်ဒရေဇာသည် မေလအစောပိုင်းက ကျင်းပခဲ့သည့် မက်ဒရစ်အိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက် ယူကရိန်းတင်းနစ်မယ် မာတာကော့ကျူခ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဗလားဆွတ်ခူးခွင့် လွဲချော်ထားသူ ဖြစ်သည်။

၎င်းသည် ယမန်နှစ်က ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့် အထိသာ တက်လှမ်းနိုင်ခဲ့သည်။



# ပါရာဂွေးအသင်းတိုက်စစ်ကစားသမား အန်ဆီဆို ဒဏ်ရာကြောင့် ကမ္ဘာ့ဗလားပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိ

ပါရာဂွေးအသင်းတိုက်စစ်ကစားသမား အန်ဆီဆိုသည် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် နီကွာရာဂွါကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ကမ္ဘာ့ဗလားပြိုင်ပွဲကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဘရိုကိတန်တိုက်စစ်ကစားသမားဟောင်းသည် ပြီးခဲ့သည့်နှစ်တွင် ပြင်သစ်လီဂူးဝမ်းကလပ် စထရာဘော့ဂ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ အန်ဆီဆိုသည် ပါရာဂွေးအသင်း၏ ကမ္ဘာ့ဗလားခြေစမ်းပွဲတစ်လျှောက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့် ရရှိထားသူဖြစ်ပြီး သုံးဂိုးသွင်းကာ နှစ်ဂိုးဖန်တီးပေးထားသည်။ ၎င်းသည် စထရာဘော့ဂ်အသင်းသို့ စရောက်သည့်ရာသီတွင် အသင်းအတွက် ၁၂ ဂိုး သွင်းကာ ဂိုးဖန်တီးမှု ကိုးကြိမ်အထိ ပြုလုပ်ထားသည်။

ပါရာဂွေးအသင်းသည် ကမ္ဘာ့ဗလားအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၃ ရက်တွင် ပူးတွဲအိမ်ရှင် အမေရိကန်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းနောက် ဇွန် ၂၀ ရက်တွင် တူကီယဲ၊ ဇွန် ၂၆ ရက်တွင် သြစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# ဆော်ဒီအာရေဗျ၏ ကမ္ဘာ့ဗလားအကြို ချစ်ကြည်ရေးခြေစမ်းပွဲတွင် မိုးသက်မုန်တိုင်းကြောင့် နှစ်နာရီခန့် ရပ်နားခဲ့ရ

ဆော်ဒီအာရေဗျအသင်းသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် ကမ္ဘာ့ဗလားပြိုင်ပွဲမတိုင်မီ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် မာတိုရီကိုအသင်းနှင့် ပွဲစဉ်တွင် ရာသီဥတုဆိုးရွားမှုကြောင့် နှစ်နာရီခန့် ရပ်နားခဲ့ရကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်ကို တက္ကဆက်ပြည်နယ် အော်စတင်မြို့ရှိ Q2 အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မိုးသက်မုန်တိုင်းကျပြီး လျှပ်စီးလျှပ်မှုများကြောင့် ပွဲချိန် ၂၁ မိနစ်တွင် ရပ်နားခဲ့ရပြီး အသင်းကစားသမားများ ကွင်းထဲမှ ထွက်ခွာခဲ့ကြရသည်။ ယင်းပွဲစဉ်တွင် ဆော်ဒီအာရေဗျအသင်းက မာတိုရီကိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ကမ္ဘာ့ဗလားပြိုင်ပွဲတွင် Q2 အားကစားကွင်းကို အသုံးပြုသွားမည် မဟုတ်ကြောင်း သိရသည်။ ၂၀၂၆ ကမ္ဘာ့ဗလားပြိုင်ပွဲကို လာမည့် ဇွန် ၁၁ ရက်မှစတင်ကာ ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

# တောင်ပံကစားသမား ဇာဒေ့ါသ်ယိုဟန်နာကို ခေါ်ယူရန် ဘရိုက်တန်အသင်း သဘောတူညီမှု ရရှိ



ပရီမီယာလိဂ်ကလပ် ဘရိုက်တန်အသင်းသည် ဆွီဒင်ကလပ် အေအိုင်ကေ စတော့ဟုမ်းကလပ်မှ တောင်ပံကစားသမား ဇာဒေ့ါသ်ယိုဟန်နာကို ပေါင် ၂၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် နိုင်ဂျီးရီးယားလူငယ် ကစားသမားသည် ဘရိုက်တန်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုသွားမည် ဖြစ်ပြီး ဇွန် ၁၅ ရက်မတိုင်မီ အပြီးသတ်လုပ်ဆောင်သွားဖွယ်ရှိသည်။ ၎င်းသည် နိုင်ဂျီးရီးယားဘောလုံးအကယ်ဒမီမှ ဆွီဒင်ကလပ်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပွဲဦးထွက်ကစားပြီးနောက် အေအိုင်ကေ စတော့ဟုမ်း အသင်းအတွက် ၁၈ ပွဲ ပါဝင်ကစားထားပြီး ငါးဂိုးသွင်းကာ လေးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

# ပြင်သစ်အိုးပင်းတင်းနစ် ဘီးတပ်ကုလားထိုင်တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဟူးဝစ်သ် နှစ်နှစ်ဆက် ရှုံးနိမ့်

ဗြိတိန်မှ အလဗီးဟူးဝစ်သ်သည် ပြင်သစ်အိုးပင်းတင်းနစ် ဘီးတပ်ကုလားထိုင် တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ဂျပန်မှ တိုကီတိုအိုဒါကို ရှုံးနိမ့်ခဲ့သည်။

ဟူးဝစ်သ်သည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် အိုဒါကို နှစ်နှစ်ဆက် ရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် အိုဒါကို ၆-၃၊ ၆-၃ ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၀ အရွယ် အိုဒါသည် ပြင်သစ်အိုးပင်းတင်းနစ် ဘီးတပ်ကုလားထိုင်ပြိုင်ပွဲတွင် လေးကြိမ်ဆက် ဗလားဆွတ်ခူးရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဟူးဝစ်သ်သည် ယခုဗိုလ်လုပွဲတွင် ရှုံးနိမ့်မှုကြောင့် အိုဒါနှင့် ယှဉ်ပြိုင်ခဲ့သည့် အဓိကဗလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ခုနစ်ကြိမ်တွင် ငါးကြိမ်အထိ ရှုံးပွဲရှိလာပြီဖြစ်သည်။

ဟူးဝစ်သ်သည်ပြင်သစ်အိုးပင်းဗလားကို ၂၀၁၇၊ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် ဆွတ်ခူးရရှိအောင်စွမ်းဆောင်ထားသည်။ ဂရင်းဆလမ်း တစ်ဦးချင်းချန်ပီယံ ၁၀ ကြိမ် ဆွတ်ခူးထားသည့် ဟူးဝစ်သ်သည် ၂၀၂၅ သြစတြေးလျအိုးပင်းပြိုင်ပွဲပြီးနောက် ပထမဆုံး တစ်ဦးချင်း ဆုဗလားရရှိရန် ရှုန်းကန်နေရသူ ဖြစ်သည်။



မိုးဇော်-စုစည်းရေးသားသည်

# မော်လ်ဒိုက်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကန်ဒေါ်လာ လေးသိန်းခွဲခန့် နှစ်စဉ်တိုးမြှင့်သုံးစွဲမည်

**မာလေ ဇွန် ၇**

မော်လ်ဒိုက်သမ္မတ မိုဟာမက်မွိုက်ဇူက ကျွန်းစု တစ်ဝန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ရေးအစီအစဉ်များကို အထောက်အပံ့ပေးနိုင် ရန် မော်လ်ဒိုက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၅၄၀၀၀ ကို ထပ်မံခွဲဝေပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ သည်ဟု နိုင်ငံပိုင်မီဒီယာ PSM News က ဇွန် ၇ ရက် တွင် ဖော်ပြထားသည်။

ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဖြစ်သည့် ဇွန် ၅ ရက်က ပြောကြားသည့် မိန့်ခွန်းတွင် သမ္မတက ရာသီဥတု ပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ အကြီးမားဆုံး စိန်ခေါ်မှုများအနက်တစ်ခုမှာ လုံလောက်သည့် ငွေကြေးအရင်းအမြစ်များ မရှိခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

နှစ်စဉ်ခွဲဝေပေးမည့်ရန်ပုံငွေမှာ သဘာဝ ပတ်ဝန်းကျင်ကဏ္ဍအတွက် ယခင်က သတ်မှတ်ခွဲဝေ ပေးထားသည့် ဘတ်ဂျက်အပြင် ထပ်မံဖြည့်စွက်ပေး သည့် ရန်ပုံငွေဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ အဆိုပါရန်ပုံငွေဖြင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများနှင့် ယင်းနယ်မြေများရှိ တောရိုင်းတိရစ္ဆာန်များကို စီမံခန့်ခွဲထိန်းသိမ်းရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေ သနလုပ်ငန်းများ၊ အများပြည်သူအသိပညာပေး အစီအစဉ်များ၊ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် ကျောင်းများက ဆောင်ရွက်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်းများအပါ အဝင် အစီအစဉ်အမျိုးမျိုးကို ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



မော်လ်ဒိုက်သမ္မတ မိုဟာမက်မွိုက်ဇူ သစ်ပင်စိုက်ပျိုးနေသည်ကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်နှင့် တူကီယဲနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ဆွေးနွေး

**ဒါကာ ဇွန် ၇**

ဘင်္ဂလားဒေ့ရှ်နှင့် တူကီယဲနိုင်ငံတို့သည် နှစ်နိုင်ငံကြား နိုင်ငံရေးနှင့် ကာကွယ်ရေးဆိုင်ရာဆက်ဆံ ရေး ပိုမိုခိုင်မာအားကောင်း စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဝန်ကြီးအဆင့် ပူးတွဲကော်မတီ တစ်ရပ်ဖွဲ့စည်းရန် သဘောတူ ညီချက် ထွက်ပေါ်လာခြင်းဖြစ် ခဲ့ကြောင်း သိရသည်။ ဘင်္ဂလား ဒေ့ရှ် ဝန်ကြီးချုပ် တာရစ်ရာမန် နှင့် တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်တို့သည် ဇွန် ၆ ရက် က ဒါကာမြို့၌ တွေ့ဆုံဆွေးနွေး ခဲ့ကြပြီးနောက် အဆိုပါသဘောတူ




ညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက် ရန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရား တစ်ရပ် ဖွဲ့စည်းရန်အပါ အဆိုပါ သဘောတူ ညီချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရန် ဘင်္ဂလားဒေ့ရှ်နှင့် တူကီယဲနိုင်ငံတို့ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ အစည်းများ ဖွဲ့စည်းရန် သဘော တူခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေး အပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်လည်း သဘောတူ ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂရိနိုင်ငံ အီးဗီးယားကျွန်း၌ ငလျင်များ ဆက်တိုက်လှုပ်ခတ်၍ နေအိမ်များပျက်စီး

**အေသင် ဇွန် ၇**

ဂရိနိုင်ငံ အရှေ့ပိုင်းရှိ အီးဗီးယားကျွန်း၌ ဇွန် ၇ ရက်က ပြင်းအား ၅ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီး အခြားငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ရာ နေအိမ်များ ပျက်စီးခြင်းနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဂရိနိုင်ငံပိုင် ပြည်သူ့အသံလွှင့်ဌာန အီးအာတီက ဖော်ပြသည်။

အေသင်မြေငလျင်နှင့် ဘူမိဗေဒဆိုင်ရာ အင်စတီကျု၏ ထုတ်ပြန် ချက်အရ အီးဗီးယားကျွန်းမြောက်ပိုင်းရှိ ပရိကိုပီကျေးရွာအနီးတွင် မွန်းလွဲပိုင်းက ပြင်းအား ၄ ဒသမ ၈၊ ၄ ဒသမ ၃ နှင့် ၅ ဒသမ ၂ အဆင့်ရှိ ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငလျင် လှုပ်ခတ်မှုများကို မြို့တော်အေသင်အပါအဝင် ဂရိနိုင်ငံအလယ်ပိုင်း ဒေသများတွင်လည်း ခံစားခဲ့ရကြောင်း သိရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ၏ ပြောကြားချက်အရ ဒက်ဖ်ိနူဆာ၊ ပရိကိုပီကျေးရွာနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် မြေပြိုမှုများ ဖြစ်ပွား ခဲ့ပြီး လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် နေအိမ်အချို့တွင် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့ပြီး ကျောက်တံတိုင်းတစ်ခုလည်း ပြိုကျခဲ့ကြောင်း၊ ဒေသခံများကို ဘေးလွတ် ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ယခုအချိန်အထိ ထိခိုက်ဒဏ်ရာရရှိသူ မရှိ သေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ဒေါ်လာ ၂၈၅ သန်းတန် စီမံကိန်းအကူအညီများကို ကမ္ဘာ့ဘဏ်အတည်ပြု

**အေဒင် ဇွန် ၇**

ပဋိပက္ခဒဏ်ကို နှစ်ရှည်လများ ခံစားနေရ သည့် ယီမင်နိုင်ငံ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ၂၀၂၆–၂၀၃၀ ပြည့်နှစ် ကာလအတွက် နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်သစ်တစ်ရပ် နှင့် အမေရိကန်ဒေါ်လာ ၂၈၅ သန်းတန်ဖိုးရှိ ဖွံ့ဖြိုးရေးစီမံကိန်းလေးခုကို ကမ္ဘာ့ဘဏ် အုပ်စုက အတည်ပြုခဲ့ကြောင်း ယီမင်အစိုးရက ဇွန် ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ သည်။

**အဓိကထားဆောင်ရွက်မည်**

အဆိုပါ မူဘောင်သစ်သည် ယီမင်နိုင်ငံ ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် များနှင့် ကိုက်ညီစွာ အာဟာရပြည့်ဝရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် စီမံကိန်းလေးခုသည် ကျန်းမာ ရေး၊ ရေအရင်းအမြစ်၊ မြို့ပြဝန်ဆောင်မှုနှင့် အုပ်ချုပ်မှုကဏ္ဍများကို လွှမ်းခြုံဆောင်ရွက် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ပဋိပက္ခများအတွင်း နစ်မွန်းခဲ့ရ**

ယီမင်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစတင်၍ ဟူသီအကြမ်းဖက်အဖွဲ့က မြို့တော်ဆာနာ နှင့် နိုင်ငံမြောက်ပိုင်းရှိ နေရာအများအပြား ကို ထိန်းချုပ်ခဲ့ပြီးနောက် ပဋိပက္ခများ အတွင်း နစ်မွန်းခဲ့ရသည်။ ယင်းအခြေအနေ ကြောင့် ၂၀၁၅ ခုနှစ်တွင် ဆော်ဒီအာရေဗျ ဦးဆောင်သည့် မဟာမိတ်အဖွဲ့က ယီမင် အစိုးရကို ထောက်ခံအားပေးရန် စစ်ရေး အရ ပါဝင်လာခဲ့သည်။

အဆိုပါ ပဋိပက္ခများကြောင့် ကမ္ဘာပေါ် တွင် အဆိုးရွားဆုံး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပြဿနာများအနက် တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပြီး လူပေါင်းသန်း နှင့်ချီ၍ အစားအစာမလုံလောက်မှု ပြဿနာ နှင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ အခြေခံဝန်ဆောင်မှု များလည်း ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်သည် ၂၀၂၃ ခုနှစ်တွင် အေဒင်မြို့ ၌ ပူးပေါင်းဆောင်ရွက်ရေးရုံးကို ပြန်လည် ဖွင့်လှစ်ခဲ့သည်။

**ဆင်ဟွာ**

# အီဘိုလာရောဂါ ကြိုတင်ကာကွယ်ရေးအတွက် WHO က ဇမ်ဘီယာသို့ ဆေးဘက်ဆိုင်ရာထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်

**လူဆာကာ ဇွန် ၇**

အီဘိုလာရောဂါ ကြိုတင်ကာကွယ်ရေး အတွက် ဇမ်ဘီယာနိုင်ငံ၏ ကြိုတင် ပြင်ဆင်မှုနှင့် တုံ့ပြန်ရေးအစီအစဉ်များ ကို အထောက်အကူပြုနိုင်ရန် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) က ဇွန် ၅ ရက် တွင် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများကို ဇမ်ဘီယာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆေးဘက်ဆိုင်ရာ ထောက်ပံ့ ရေးပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၂၂၀၀၀ တန်ဖိုးရှိ ကာကွယ်ရေးဝတ်စုံ များ၊ ဓာတ်ခွဲစစ်ဆေးရန် နမူနာများ ကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြု သည့် ပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံး ဓာတ်ပစ္စည်းများ ပါဝင်သည်။

ယခုကဲ့သို့ ထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းဖြင့် ဇမ်ဘီယာနိုင်ငံ၏ အီဘိုလာရောဂါ ရှာဖွေဖော်ထုတ်နိုင်မှု နှင့် သံသယရှိလူနာများအား စစ်ဆေးရာ တွင် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း ဇမ်ဘီယာနိုင်ငံဆိုင်ရာ



WHO ၏ ကိုယ်စားလှယ် ကလီမင့်ပီတာ လာဆူဘာက ပြောကြားသည်။

WHO သည် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ နှင့်ပူးပေါင်းကာ အီဘိုလာရောဂါ ဖြစ်ပွားမှုများကို ထိန်းချုပ်ရန် ကမ္ဘာ့ တိုက်ကြီးအဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ရေးအစီအစဉ်များကို အကောင် အထည်ဖော်လျက်ရှိကြောင်း၊ ထိခိုက် ခံစားရသည့် နိုင်ငံများကို ကူညီပေးရန် နှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## တိုင်းဒေသကြီးရုံး(ပဲခူး)၊ ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေး နှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ဘတ်ဂျက်) ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် တည်ဆောက်မည့် ရုံးအဝင်လမ်း (အလျား ၄၀၈ ပေ x အနံ ၃၆ ပေ x ၈လက်မ ထု) ကွန်ကရစ်ခင်းခြင်း၊ ခြံစည်းရိုး သံပန်းထိုးတံခါးအပါအဝင် ၁၀ပေ (၄) ခန်း အုတ်နံရံစီခြင်းလုပ်ငန်းနှင့် အကျယ် ၃၆ ပေ ရုံးအဝင်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၁၆ - ၆ - ၂၀၂၆ ရက်(အင်္ဂါနေ့) (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၂၉ - ၆ - ၂၀၂၆ ရက်(တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃၀ - ၆ - ၂၀၂၆ ရက်(အင်္ဂါနေ့) ညနေ(၁၆:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ထပ်မံကြေညာပါမည်။
(င) **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နေရာ** - ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊တိုင်းဒေသကြီးရုံး(ပဲခူး) ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်း လမ်းနှင့်ဘုရင့်နောင်လမ်းထောင့်၊ ပဲခူးမြို့

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(ပဲခူး)၊ ပဲခူးမြို့ ဖုန်း-၀၉ - ၄၀၁၁၇၇၇၇၆၊ ၀၉ - ၅၃၀၂၈၃၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**တိုင်းဒေသကြီးရုံး(ပဲခူး)၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/25798, New Zhineng 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးမိုးကျော် ၉/နထက(နိုင်) ၁၃၆၄၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/23570, Honda Click-125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးထိန်လင်း ၉/မရမ(နိုင်)၀၈၀၅၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## မိုးညှင်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် တည်ဆောက်ရေး ပစ္စည်းများအား (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ဝယ်ယူနိုင်သည့်ရက်** - ၈-၆-၂၀၂၆ ရက်၊ ရုံးချိန်အတွင်း
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၈-၆-၂၀၂၆ ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်/ အချိန်** - ၁၉-၆-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ၊ လမ်းဦးစီးဌာန၊ မိုးညှင်းမြို့

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုးညှင်းမြို့ ဖုန်း -၀၉ ၄၂၂၂၆၆၅ ၇၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**KING MAKER အကျိုးဆောင် (09-43021001)**

၁။ အေးချမ်းသာယာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ (ခြောက်ထပ်ကြီးဘုရားအနီး) ။ ၄၀'x၂၀'။ 2BN။ သိန်း(၆၅၀၀)
၂။ မြဝတ်ရည်လမ်း ဆ/ခရပ်ကွက်၊ သဃ်န်းကျွန်း၊ ၉၂'x၉၇'။ ဘိုးဘပိုင်အမည်ပေါက်။ သိန်း(၄၉၅၀၀)
၃။ ကြည့်မြင်တိုင်ထီးတန်းအိမ်ရာ၊ ကမ်းနားလမ်းပေါ် ။၁၅'x၅၀' (၄)လွှာ။ အဆင့်မြင့်ပြင်ဆင်ပြီး၊ အိုးအိမ်။ သိန်း(၁၆၀၀)
၄။ တိုက်အမှတ်၁၀၊ ကမ္ဘာအေးအိမ်ရာ "ဂမုန်းပွင့်"နောက်ကျော ပထမထပ်။ ၂၀'x၄၀'။ သိန်း(၃၁၀၀)
၅။ အင်းစိန်ဗဟိုလမ်း(မင်းကြီးလမ်း)၊ တောင်သုကန်ရပ်ကွက်။ ၄၀'x၆၀' ဆောက်လုပ်ဆဲ ၅ထပ်တိုက်။ သိန်း (၄၅၀၀၀)
၆။ လွတ်လပ်ရေးလမ်း၊ ၈ရပ်ကွက်၊ လှိုင်မြို့နယ်။ ၁၅'x၄၀' (မြေညီထပ်)၊ ပြင်ဆင်ပြီး။ သိန်း (၂၂၀၀)
၇။ မြယင်းမာလမ်း၊ (မိုးကောင်း လမ်းတစ်ဆစ်ချိုး)၊ ၁၃ရပ်ကွက်၊ ရန်ကင်း။ ၄၀' x ၆၀'။ ဘိုးဘပိုင်၊ 1BN။ သိန်း (၁၇၀၀၀)
၈။ ၁၂ ၁/၂'x၅၀'။ တတိယထပ်။ Hall။ သမိုင်းမြို့ဟောင်း(၅)လမ်း။ ၁ရပ်ကွက်။ မရမ်းကုန်း သိန်း(၁၃၅၀)

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အရှေ့)ကျောက်တံခါးမြို့နယ်၊ ဟာရီးကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာနေ မောင်ဇေယျအောင် (ဘ) ဦးရမ်းပါရာစ်၊ မှတ်ပုံတင်အမှတ် ၇/ကတခ(နိုင်)၁၈၈၈၀၂ ကိုင်ဆောင်သူနှင့် ဖြူးစုကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာနေ မပါရ်ဘာဘီ(ဘ) ဦးဆာရ်မာဂျီ၊ မှတ်ပုံတင်အမှတ်၇/ကတခ(နိုင်)၂၀၀၆၆၉ ကိုင်ဆောင်သူ ဟိန္ဒူလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် စိတ်ဆန္ဒမရှိကြတော့သဖြင့် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရလွန်ခဲ့သော ၁၄-၉-၂၀၂၄ ရက်နေ့က မိဘဘိုးဘွား များအား အသိသက်သေအဖြစ်ထားရှိ၍ လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲခြင်း ကတိပြုစာချုပ် ချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ မပါရ်ဘာဘီနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်မဆို မောင်ဇေယျအောင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း သိစေအပ်ပါသည်။ ဤအများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ တစ်စုံတစ်ယောက်မှ ကွာရှင်းပြတ်စဲခြင်းအပေါ် ကန့်ကွက်ပြောဆိုလိုပါက ဤကြေညာချက်ထည့်သွင်းသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ဇေယျအောင် (၇/ကတခ(နိုင်)၁၈၈၈၀၂)**
**ပြည်တော်သာလမ်း၊ ဟာရီးကျေးရွာအုပ်စု၊ ကျောက်တံခါးမြို့နယ်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (တင်ဒါအမှတ် ၁/၂၀၂၆-၂၀၂၇)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်စံညွှန်းမီ အရည်အသွေး ပြည့်မီသော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၅-၆-၂၀၂၆ရက်၊ (သောကြာနေ့) (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၁၈-၆-၂၀၂၆ရက်၊ (ကြာသပတေးနေ့) (၁၂:၀၀ နာရီ)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၆-၂၀၂၆ရက်၊ (ကြာသပတေးနေ့) (၁၅:၀၀ နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၆-၂၀၂၆ရက်၊ (သောကြာနေ့) (နံနက် ၁၀:၀၀ နာရီ)
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင်ရုံး
**ဖုန်း** - ၀၉-၈၉၆၀၆၉၈၀၀

တင်ဒါစည်းမျဉ်းစည်းကမ်း၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင်ရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/84733 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/64404, Honda PCX 150 M/C ယာဉ် လက်ဝယ်ရှိသူ ဦးရဲအောင် ၁၄/အမန(နိုင်) ၁၀၇၃၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/5467 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၉၁/ A)၊ ကွင်းအမည် (စခန်းကြီးကွင်း)၊ ဦးပိုင်အမှတ် (၂၈/၅)၊ ဧရိယာ (၁.၆၅)ဧကရှိ ဦးရွှေ အမည်ပေါက် လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကို (၁၂/လကန (နိုင်) ၁၃၅၃၅၈) ထံမှ ကျွန်မ ဒေါ်စန္ဒာကျော်လင်း (၇/သဝတ (နိုင်) ၀၀၀၆၈၀)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ဒေါ်စန္ဒာကျော်လင်း (၇/သဝတ (နိုင်) ၀၀၀၆၈၀)**
**၀၉- ၉၇၉ ၄၅၄ ၂၈၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း -အကွက်အမှတ်နှင့်အမည် (၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၇၁)၊ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုတွဲအမှတ် (၈၄၈/၂၀၂၅-၂၀၂၆)အရ (၁)ဒေါ်ချိန်ကြီးဝင်း၊ (၂)ဒေါ်ချိန်ကြီးဖိန်တို့အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေဧရိယာ(၀.၁၁၀)ဧကရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုပ်ပိုင်ခွင့်/ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် (၁)ဒေါ်ချိန်ကြီးဝင်း၊ (၂)ဒေါ်ချိန်ကြီးဖိန်တို့အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဇင်ထွန်းသန့်(၅/မရန(နိုင်)၁၄၂၇၈၁)က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မီမီသွယ်(၁၃/မဘန(နိုင်) ၀၁၄၃၉၈)မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီ ထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်မီမီသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ပိုင်(စဥ်-၁၉၅၈၃) တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့။ ဖုန်း(၀၉-၄၄၉၃၆၉၄၆၅)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေကြွယ်ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ တိုက်အမှတ်(၂၆)၊ မြေညီထပ်(ခြေရင်း)၊ အကျယ်အဝန်း(၁၄ ၁/၂ ပေx ပေ ၆၀)ရှိတိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားသူ ဒေါ်ရိုစီတန်(ခ)ဒေါ်အေးအေးအောင် (၁၂/လသန(နိုင်)၀၀၇၃၈၅) မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေဝင်း (LL.B, D.I.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈၊**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၁၁၅၂)၊ ဧရိယာ(၀ဒသမ ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြတ်သူထွန်း (၁၂/အလန(နိုင်)၀၄၂၅၄၄) အမည်ပေါက် ကိုယ်တိုင်မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေဝင်း(LL.B, D.I.L, WIPO (Switzerland)) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက် ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ အထက(ခွဲ) သရက်ပင်ကွင်း Grade-11 တွင် ပညာ သင်ကြားနေသော နန့်ခိုင် သဇင်ဌေး၏ ဖခင်အမည်မှန်မှာ ဦးစိန်မာဒင် ၁၄/အမန (နိုင်) ၁၂၃၂၂၀ ဖြစ်ပါကြောင်း။

**ဦးစိန်မာဒင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/11882, Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်လတ် ၇/လပတ(နိုင်) ၀၀၂၈၀၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၂၅၂၇, Honda Dream- ND-125M,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟသက်ဇော် ၇/အဖန(နိုင်)၀၈၄၆၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၇ ရပ်ကွက်၊ မင်းရဲကျော်စွာ ၄ လမ်း၊ အမှတ် ၂၁၀ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ ၅ ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ အကျယ်(၁၂'x၅၄')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူများဖြစ်ကြသည့် ၁။ ဦးနိုင်ဝင်း(၁၂/လမန(နိုင်) ၁၃၃၆၉၀) ၂။ ဒေါ်အေးအေးမော်(၁၂/ဥကတ(နိုင်)၁၁၀၅၃၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှသန်း (၁၁/ရဗန(နိုင်)၀၀၈၂၇၆)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးသန့် (LL.B)(C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၇၇၇၁၉၇၇၁၀၆၄၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် န-၂၊ ဦးပိုင်အမှတ် ၁၁-က၊ ၆၄-Aလမ်း၊ ၄၀x၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်ခင်ညွန့်ဝေ ၉/မနမ(နိုင်) ၀၃၀၈၆၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်အပိုင်း ၇+၈၊ ဦးပိုင်အမှတ် ၈၁-ခ/၆၈x၆၉လမ်းကြား၊ ၃၉x၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာကျော်ညွန့် ၁၃/တကန(နိုင်) ၀၀၈၉၇၉ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀၄၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းထွန်းလေး ၅/တဆန(နိုင်) ၀၀၁၈၄၆က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါ ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁)၊ ဦးပိုင်အမှတ်(၂၇)၊ ၆၉X၇၀ကြား၊ ၁၃၂X၁၃၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးနိုင် ၉/မနမ(နိုင်) ၀၈၀၅၂၃ က အမှုတွဲအမှတ်(၀၄၂၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁)၊ ဦးပိုင်အမှတ်(၂၈)၊ ၆၉X၇၀ကြား၊ ၁၃၂X၁၃၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးနိုင် ၉/မနမ(နိုင်) ၀၈၀၅၂၃ က အမှုတွဲအမှတ် (၀၄၂၈/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

